မြန်မာနိုင်ငံ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းနယ်ပယ်  (CP AoR)



# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းနယ်ပယ်၏

# ၂၀၂၄-၂၀၂၅ ခုနှစ် မဟာဗျူဟာ

# မာတိကာ


| | |
|---|---|
| နိဒါန်း | |
| နောက်ခံအခြေအနေ | |
| ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအခြေအနေ | |
| စိတ္တလူမှုဆိုင်ရာ ဖိစီးမှုနှင့် စိတ်ဒဏ်ရာရမှု | |
| အန္တရာယ်များနှင့် ထိခိုက်ဒဏ်ရာရမှုများ | |
| အကြမ်းဖက်မှုနှင့် နှိပ်စက်မှုများ | |
| တပ်နှင့် လက်နက်ကိုင်အဖွဲ့များအတွက် လူသစ်စုဆောင်းမှုများ | |
| ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း | |
| ကလေးလုပ်သား | |
| ကလေးသူငယ်များအပေါ် ရာဇဝတ်မှု ကျူးလွန်မှုများ | |
| ဘေးမကင်းသော ရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့် လူကုန်ကူးခြင်း | |
| မိသားစုနှင့် ကွဲကွာနေသော အဖော်မဲ့ကလေးသူငယ်များ | |
| ဥပဒေနှင့်ငြိစွန်းသည့် ကလေးသူငယ်များ | |
| အခြေခံစည်းမျဉ်းများ | |
| မဟာဗျူဟာ ရည်ရွယ်ချက်များ | |
| မဟာဗျူဟာနည်းလမ်းများ | |
| မဟာဗျူဟာနည်းလမ်းအလိုက် ဦးစားပေးလုပ်ငန်းများ | |
| အမှုစီမံခန့်ခွဲရေး | |
| စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ အကူအညီ | |
| ရပ်ရွာအဆင့်တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CLCP) | |
| ဆယ်ကျော်သက်များအတွက် စီမံကိန်းရေးဆွဲခြင်း | |
| အသိပညာမြှင့်တင်ခြင်း | |
| အခြားကဏ္ဍများနှင့် လက်တွဲဆောင်ရွက်ခြင်း | |
| တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် အရင်းအမြစ်များ စုဆောင်းခြင်း | |
| ပေါင်းစပ်ညှိနှိုင်းရေးအတွက် ဖွဲ့စည်းပုံ | |
| ရေရှည်တည်တံ့စေရေးနှင့် အသွင်ကူးပြောင်းရေး မဟာဗျူဟာ | |
| စောင့်ကြည့်စစ်ဆေးခြင်း | |
| အခက်အခဲများ | |

| | |
|---|---|
| နိဂုံး | |
| ဝေါဟာရဖွင့်ဆိုချက်များ | |
| ရည်ညွှန်းကိုးကား စာအုပ်စာတမ်းများ | |

## နိဒါန်း

ယခုတင်ပြထားသည့် မဟာဗျူဟာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းနယ်ပယ် (CP AoR) နှင့် CP AoR ၏ မဟာဗျူဟာအကြံပေးအဖွဲ့ (SAG) တို့က တိုင်ပင်ဆွေးနွေးသော နည်းလမ်းဖြင့် ရေးဆွဲခဲ့ပါသည်။ ဤမဟာဗျူဟာသည် CP AoR အဖွဲ့ဝင်များက ဘုံရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် ကူညီပေးရန် ရည်ရွယ်ထားသည်။[1] ထို့အပြင် ၂၀၂၄- ၂၀၂၅ ခုနှစ်အတွင်း ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးနည်းလမ်းများကို ပြင်ပပုဂ္ဂိုလ်များက စိတ်ဝင်စားမှုရှိလာစေရေးအတွက်လည်း အသုံးပြုနိုင်ရန် ရည်ရွယ်ထားသည်။ CP AoR သည် နိုင်ငံတွင်းနေရပ်စွန့်ခွာရသူများ (IDPs)၊ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများ၊ နေရပ်ပြန်သူများ၊ အခြားအကျပ်အတည်းများကြောင့် ထိခိုက်ခံရသူများ (OCAPs) ဟူသော လူဦးရေအုပ်စုများကို လျာထားကူညီသွားမည်ဖြစ်သည်။ CP AoR ၏ မဟာဗျူဟာကို ၂၀၂၄- ၂၀၂၅ ခုနှစ်အတွက် မြန်မာနိုင်ငံ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၏ မဟာဗျူဟာနှင့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက် (HNRP) တို့နှင့်အတူတွဲ၍ ဖတ်ရှုသင့်ပါသည်။ CP AoR ၏ မဟာဗျူဟာသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ လွှမ်းခြုံပါဝင်ပြီး၊ ပြင်ဆင်ချက်များကိုလည်း လိုအပ်သလို ထည့်သွင်းထားသည်။

## နောက်ခံအခြေအနေ

မြန်မာနိုင်ငံ၏ အခြေအနေမှာ တစ်နိုင်ငံလုံးတွင် အမြဲပြောင်းလဲနေပြီး၊ လျင်မြန်စွာ ယိုယွင်းလျက်ရှိသည်။ ၂၀၂၄ ခုနှစ်အတွက် အခြေအနေများအား စိစစ်ပိုင်းခြားမှုများကို ၂၀၂၄ ခုနှစ် HNRP တွင် အသေးစိတ် ကြည့်နိုင်ပါသည်။[2]

---

[1] မြန်မာနိုင်ငံတွင် အစုအဖွဲ့များနှင့် တာဝန်ခံလုပ်ငန်းနယ်ပယ်များသည် လူသားချင်းစာနာမှုဆိုင်ရာ ဖွဲ့စည်းပုံအတွင်းတွင် ညီမျှစွာ တည်ရှိနေပြီး အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သတိပြုရန် အရေးကြီးပါသည်။ ဖွံ့ဖြိုးရေး ဆောင်ရွက်သူများက မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးရေးနှင့် ကြံ့ကြံ့ခံနိုင်ရေးလုပ်ငန်းများကို ပိုမိုအာရုံစိုက်၍ ဆောင်ရွက်ကြသည်။ ဤအချက်ကို အသွင်ကူးပြောင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင် (TCF) တွင် သဘောတူညီထားပြီးဖြစ်သည်။

[2] https://reliefweb.int/report/myanmar/myanmar-humanitarian-needs-and-response-plan-2024-december-2023-enmy (မှတ်ချက် - ၂၀၂၅ ခုနှစ် HNRP ကို ၂၀၂၅ ခုနှစ် ဇန္နဝါရီလတွင် ထည့်သွင်းဖော်ပြပါမည်)

၂၀၂၅ ခုနှစ်အတွက် အခြေအနေခြုံငုံသုံးသပ်ချက်ကို ၂၀၂၅ ခုနှစ် HNRP တွင် ချိတ်ဆက်ဖော်ပြသွားမည်ဖြစ်သည်။ ဤမဟာဗျူဟာသည် လက်ရှိ မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှု အခြေအနေတစ်ရပ်လုံးကို ရှင်းလင်းဖော်ပြရန် ရည်ရွယ်ထားခြင်းမရှိပါ။

မြန်မာနိုင်ငံသည် လူသားချင်းစာနာမှုအကျပ်အတည်းကို ရင်ဆိုင်နေရပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်မှ အာဏာသိမ်းပြီးချိန်မှစ၍ ပိုမိုဆိုးရွားလာခဲ့သည်။ နိုင်ငံ၏ ဒေသအများစုတွင် ပဋိပက္ခများနှင့် ရင်ဆိုင်နေရပြီး၊ တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်အဖွဲ့ အများအပြားပေါ်ပေါက်လာခဲ့သည်။ နေရပ်စွန့်ခွာရသူအရေအတွက်မှာ ဆက်လက်မြင့်တက်နေပြီး၊ ၂၀၂၄ ခုနှစ် ဇူလိုင်လအခြေအနေအရ နေရပ်စွန့်ခွာရသူ အရေအတွက်စုစုပေါင်းသည် (၃၂၄၅၃၀၀) ဦးအထိ ရောက်ရှိနေပြီဖြစ်သည်။[3] IDPs များသည် တရားဝင် IDP စခန်းများနှင့် အစီအစဉ်တကျမဟုတ်သော IDP စခန်းများတွင်လည်းကောင်း၊ အိမ်ရှင်ရပ်ရွာလူထုထံတွင်လည်းကောင်း နေထိုင်နေကြရသည်။ အိမ်ရှင်ရပ်ရွာလူထုကိုယ်တိုင်သည်လည်း ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာစိုးရိမ်မှုများကို ရင်ဆိုင်နေရပြီး ကလေးသူငယ်များအပေါ် ထိခိုက်မှုများမှာ ပိုမိုဆိုးရွားလာသည်။ နေရပ်ပြန်သူများ၊ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများနှင့် အခြားအကျပ်အတည်းကြောင့် ထိခိုက်ခံရသူများအားလုံးတို့သည်လည်း လူသားချင်းစာနာမှုအကူအညီကို လက်ခံရယူသူများတွင် ပါဝင်ကြသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ အရှိန်မြင့်တက်လာခဲ့သည့် တိုက်ပွဲများနှင့်အတူ အောက်ပါတို့ပါဝင်သည့် အဓိကဖြစ်ရပ်များကြောင့် ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကို ပိုများလာစေခဲ့သည် -

- **စစ်မှုထမ်းဥပဒေ**[4]ကို အကောင်အထည်ဖော်ခြင်းကြောင့် နေရပ်စွန့်ခွာရမှုများ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်မှုများ၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုများ၊ တပ်ဖွဲ့များနှင့် လက်နက်ကိုင်အဖွဲ့များသို့ တပ်သားသစ်အဖြစ် ဝင်ရောက်မှုများကို ပိုများလာစေခဲ့သည်။
- ပြည်နယ်/တိုင်းဒေသကြီး (၁၅) ခုလုံးတွင် **လက်နက်ကိုင်တိုက်ပွဲများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ မည်သူမည်ဝါမခွဲခြားဘဲ ရမ်းသမ်းတိုက်ခိုက်မှုများ**ကြောင့် လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းများကို နက်ရှိုင်းစွာဖြစ်ပေါ်စေခဲ့ပြီး၊ မြန်မာတစ်နိုင်ငံလုံးတွင် လူသားချင်းစာနာမှုအကျပ်အတည်းကြီးတစ်ခု ပေါ်ပေါက်လာစေခဲ့သည့် အကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်။

---

[3] UNHCR ၏ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွက် နေရပ်စွန့်ခွာရမှုကိန်းဂဏန်းများ။

[4] စစ်မှုထမ်းဥပဒေသည် အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း အကျုံးဝင်သည်။ သို့သော် စစ်မှုထမ်းဥပဒေကို ရှောင်ရှားရန် အတွက် အခြားလက်နက်ကိုင်အဖွဲ့များ သို့မဟုတ် တပ်ဖွဲ့များသို့ ဝင်ရောက်ခြင်း၊ သက်ငယ်လက်ထပ်ထိမ်းမြားခြင်း၊ ပုံမှန်မဟုတ်ဘဲ ရွှေ့ပြောင်းနေထိုင်ရခြင်းတို့ကြောင့် ကလေးသူငယ်များအပေါ် သက်ရောက်မှု ကြီးမားသည်ကို သတိပြုပါ။

- **နေရပ်စွန့်ခွာရမှု**ကြောင့် ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များ တိုးလာခဲ့သည်။ IDPs ကလေးသူငယ်များသည် နေရပ်စွန့်ခွာရခြင်းမရှိသည့် ကလေးသူငယ်များနှင့် နှိုင်းယှဉ်ပါက ကျောင်းထွက်နှုန်း (၃) ဆအထိ ပိုများသည်ကို သတိပြုပါ။[5]
- **လူမှုစီးပွားရေး**နှင့် နေထိုင်မှုအခြေအနေများ ယိုယွင်းလာခြင်းကြောင့် ယခင်ကပင် ဆိုးရွားနေသည့် ကာကွယ်စောင့်ရှောက်ရေးပတ်ဝန်းကျင်ကို ပိုဆိုးလာစေခဲ့ပြီး ရေရှည်တွင် အကျိုးမရှိသည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို စတင်ကျင့်သုံးလာကြသည်။
- နိုင်ငံ၏ ဒေသများစွာသည် ရေကြီးခြင်းနှင့် မုန်တိုင်းကဲ့သို့သော **သဘာဝဘေးအန္တရာယ်များ**ကို မကြာခဏ ကြုံတွေ့ရသဖြင့် ဘေးဒဏ်ခံပြည်သူများ၏ ထိခိုက်လွယ်မှုကို အလွန်အမင်းပိုဆိုးလာစေပြီး၊ ကလေးသူငယ်များ၏ စိတ်ကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်မှုအပေါ် ဆိုးကျိုးများ ဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဖြစ်စဉ်များ အလွန်အမင်းဆိုးရွားနေသော်လည်း၊ လူသားချင်းစာနာမှု အကျပ်အတည်းများဖြင့် ပြည့်နေသည့် တစ်ကမ္ဘာလုံးတွင် မြန်မာနိုင်ငံ၏ အခြေအနေကို များစွာ မသိမြင်နိုင်ကြသေးပါ။ ထို့ကြောင့် အရေးပေါ်အခြေအနေများအတွက် အလွန်နည်းပါးသော ရန်ပုံငွေထောက်ပံ့မှုကိုသာ ရရှိနေပြီး ကမ္ဘာ့စင်မြင့်တွင် တိုက်တွန်းလှုံ့ဆော်မှု အနည်းငယ်သာ ရှိခဲ့သည်။

- **ရခိုင်ဒေသ** - တိုက်ပွဲများပြင်းထန်နေပြီး၊ ရပ်ရွာများအကြား လူမျိုးရေးတင်းမာမှုများပြားနေသည့် ရခိုင်ဒေသ၏ လူသားချင်းစာနာမှု အခြေအနေသည် အထူးသတိပြုရမည့် အခြေအနေသို့ ရောက်ရှိနေသည်။[6] နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများနှင့် အခြားအကျပ်အတည်းကြောင့် ထိခိုက်ခံရသူများလည်း ရှိနေသည့်အပြင်၊ ၂၀၂၄ ခုနှစ် ဇူလိုင်လအခြေအနေအရ **IDPs (၃၀၅၁၀၀) ဦး** ရှိနေခဲ့ပါသည်။ ရခိုင်ဒေသသည် နိုင်ငံရေးနှင့် လူမျိုးရေးရောယှက်နေသော ပဋိပက္ခဖြစ်ပွားနေသည့် သမိုင်းကြောင်းကြောင့် ဆိုးရွားသည့် ဆင်းရဲနွမ်းပါးမှု၊ လူမှုရေးရာ ဖယ်ကြဉ်ခံရမှုများ၊ သဘာဝဘေးအန္တရာယ်အပေါ် ကြံ့ကြံ့ခံနိုင်စွမ်းနည်းပါးမှုတို့ကို ဖြစ်စေခဲ့သည်။ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုသည် ရခိုင်ပြည်နယ်၏ ကာလရှည် စိုးရိမ်မှုတစ်ခုဖြစ်သည်။ ခြောက်သွေ့ရာသီအတွင်းတွင် မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံများသို့ ကုန်းကြောင်း၊ ရေကြောင်းဖြင့် ရွှေ့ပြောင်းသွားလာကြသူအရေအတွက်မှာ သတိပြုဖွယ်များပြားသည်။ မြန်မာနိုင်ငံကို

---

[5] ကမ္ဘာ့ဘဏ်အစီရင်ခံစာ "Populations in Peril: Decoding Patterns of Forced Displacement in Myanmar", May 2024

[6] တပ်မတော်အာဏာသိမ်းပြီးချိန်မှစ၍ ကလေးသူငယ် (၆၀၀) ကျော်အပါအဝင် အရပ်သားပြည်သူ (၅၀၀၀) ကျော် သတ်ဖြတ်ခံခဲ့ရပြီး ဖြစ်သည်။ ဤကိန်းဂဏန်းမှာ ရခိုင်ဒေသတစ်ခုတည်းအတွက်သာ မဟုတ်ဘဲ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁၅) ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ (၃၁) ရက်အထိ ကာလအတွင်း မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေကို ဖော်ပြထားသည့် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာမှ ထုတ်နုတ်ထားခြင်းဖြစ်သည်။

ဖြတ်သန်းသွားလာသည့် လမ်းကြောင်းတစ်လျှောက်တွင်မူ ကလေးသူငယ်များမှာ မကြာခဏပင် ကြားဖြတ်ဖမ်းဆီးခံရ၍ တရားစွဲဆိုခံကြရသည်။ မကြာခဏဖြစ်ပေါ်သည့် လူမျိုးရေးတင်းမာမှုများနှင့် အကြမ်းဖက်မှုများကြောင့် လူဦးရေသိန်းနှင့်ချီ၍ ထွက်ပြေးကြရသည်။ လုံခြုံရေးအခြေအနေ အလွန်အမင်းဆိုးရွားနေခြင်းနှင့် လူမှုစီးပွားဆိုင်ရာ အခက်အခဲများအပြင်၊ **လူမျိုးရေးပဋိပက္ခများ၊ ဆင်းရဲနွမ်းပါးမှု၊ သက်ငယ်လက်ထပ်ထိမ်းမြားမှု၊ လူကုန်ကူးမှု၊ တရားမဝင်ရွှေ့ပြောင်းသွားလာနေထိုင်မှု၊ ကလေးသူငယ်များကို အသုံးချမှု၊ အတင်းအကျပ် တပ်သားသစ်စုဆောင်းမှု/ ကလေးလုပ်သားအဖြစ် စေခိုင်းမှု၊ စစ်မှုထမ်းဥပဒေ၊ ဥပဒေမဲ့ဖမ်းဆီးမှုများနှင့် ခွဲခြားဆက်ဆံမှုတို့ ပို၍ များပြားလာမည့် အန္တရာယ်ရှိနေပါသည်။**





- **အရှေ့မြောက်ပိုင်းဒေသ** - အရှေ့မြောက်ပိုင်းဒေသ၏ အခြေအနေမှာ ဆိုးရွားစွာ ထိခိုက်ခံနေရပြီး၊ လုံခြုံရေးအခြေအနေမှာလည်း တည်ငြိမ်မှုမရှိပါ။ ၂၀၂၄ ခုနှစ် ဇူလိုင်လအခြေအနေအရ အရှေ့မြောက်ပိုင်းဒေသတွင် **IDPs (၁၆၉၄၀၀)** ဦး ရှိနေပြီဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုကြောင့် အတင်းအကျပ် တပ်သားသစ်စုဆောင်းမှုများ အပါအဝင် ဆိုးရွားသော ဥပဒေချိုးဖောက်မှုဖြစ်ရပ်များမှာ သတိပြုဖွယ်မြင့်တက်လာခဲ့သည်။ ဤဒေသတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs) များက အသက်မပြည့်သေးသူများအား တပ်သားသစ်အဖြစ် စုဆောင်းမှုမှာလည်း မြင့်မားသည်။ အထူးသဖြင့် လက်ထပ်ရန်အတွက် မိန်းကလေးငယ်များအပါအဝင် ကလေးသူငယ်များအား **လူကုန်ကူးခြင်းနှင့် လူမှောင်ခိုကူးခြင်း**တို့လည်း ဆက်လက်ဖြစ်ပေါ်နေသည်။ အရှေ့မြောက်ပိုင်းဒေသအနှံ့အပြားတွင် အဆက်မပြတ်ဖြစ်ပွားနေသည့် တိုက်ပွဲများအပြင် **ဇွန်လကုန်မှ ဇူလိုင်လကုန်ကာလအတွင်း ရေကြီးမှုများကြောင့် လူဦးရေ (၁၀၀၀၀) ကျော် နေရပ်စွန့်ခွာနေရကာ** လတ်တလောတွင် ကြီးမားသောထိခိုက်ပျက်စီးမှုများကို ကြုံတွေ့နေရပြီး၊ ပိုင်ဆိုင်မှုများစွာ ထိခိုက်ပျက်စီးခဲ့ရသည်။




- **အရှေ့တောင်ပိုင်းဒေသ** - မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၏ အခြေအနေမှာ လက်နက်ကိုင်ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များ၊ စီးပွားရေးဖိအားများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ပေါင်းစည်းဖြစ်ပေါ်နေပြီး ဆိုးရွားသော လူသားချင်းစာနာမှု အခင်းအကျင်းတစ်ခုကို ကိုယ်စားပြုနေသည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ဤဒေသတွင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်ပူးပေါင်းအဖွဲ့များအကြား၌ တိုက်ပွဲများမြင့်တက်လာခဲ့ပြီး နေရာအနှံ့အပြားသို့ ပြန့်နှံ့သွားခဲ့သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လအခြေအနေအရ အရှေ့တောင်ပိုင်းဒေသတွင် **IDPs (၉၁၂၇၀၀) ဦး** ရှိနေပြီဖြစ်သည်။ ကလေးသူငယ်များ၏ မိဘ/ပြုစုစောင့်ရှောက်သူများသည် ကလေးသူငယ်များကို ချန်ထားခဲ့ကာ အလုပ်လုပ်ရန်အတွက် ရွှေ့ပြောင်းသွားလာနေရသည်။ သင့်တော်သည့် ကြီးကြပ်ရေးလုပ်ငန်းစဉ်များကို လက်လှမ်းမမီသည့် တရားမဝင်နေထိုင်မှုများရှိနေပြီး၊ ကလေးသူငယ်များအား အနိုင်ကျင့်မှုများမှာ သတိပြုဖွယ် မြင့်မားနေသည်။ **အခွင့်အရေးချိုးဖောက်မှုများ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ၊ ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်းနှင့် အမြတ်ထုတ်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ ဥပဒေမဲ့ဖမ်းဆီးခြင်း၊ စစ်မှုထမ်းဥပဒေ၏ သက်ရောက်မှုများအပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။**



- အနောက်မြောက်ပိုင်းဒေသ - **အနောက်မြောက်ပိုင်းဒေသသည် ၂၀၂၁ ခုနှစ်မှစ၍ အပြင်းထန်ဆုံးသော ပဋိပက္ခများကို ကြုံတွေ့ခဲ့ရပြီး၊ နေရပ်စွန့်ခွာရမှုမှာလည်း အများဆုံးဖြစ်ကြောင်း မြင်တွေ့နေရသည်။** ၂၀၂၄ ခုနှစ် ဇူလိုင်လအခြေအနေအရ အနောက်မြောက်ပိုင်းဒေသတွင် **IDPs (၁၅၆၉၁၀၀) ဦး** ရှိနေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်းတွင် တိုက်ပွဲများ အရှိန်မြင့်လာခြင်းနှင့် နေရပ်စွန့်ခွာရမှုများပြားလာခြင်းကြောင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များ သိသာစွာမြင့်တက်လာခဲ့သည်။ **အစီရင်ခံစာများအရ (၁၅)နှစ်အရွယ်သာရှိသေးသော ယောကျ်ားလေးများနှင့် မိန်းကလေးများကို လက်နက်ကိုင်အဖွဲ့များ သို့မဟုတ် တပ်ဖွဲ့များသို့ တပ်သားသစ်အဖြစ် အတင်းအကျပ် စုဆောင်းခံနေရပြီး ဆယ်ကျော်သက်ရွယ်များအကြားတွင် စိုးရိမ်မှုများ မြင့်တက်နေကာ၊ ၎င်းတို့၏ သွားလာလှုပ်ရှားမှုများကို အကန့်အသတ်ဖြစ်စေကြောင်း ဖော်ပြနေသည်။** ကလေးသူငယ်များအပါအဝင် တပ်သားသစ်များကို ခေါ်ဆောင်လာပေးသူများအား ဆုကြေးငွေများပေးနေခြင်းကြောင့် တပ်သားသစ်အဖြစ်အတင်းအကျပ် စုဆောင်းခံရမည့် စိုးရိမ်မှုများရှိနေကြောင်းကို ဒေသခံများက ဖော်ပြခဲ့ကြသည်။ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခံရခြင်းများလည်း မြင့်တက်လာသည်။ လေကြောင်းတိုက်ခိုက်မှုများ၊ ဒရုန်းဖြင့်တိုက်ခိုက်မှုများ၊ မြေမြှုပ်မိုင်းများနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ (ERW) ကြောင့် ကလေးသူငယ်များ သေဆုံးခြင်းနှင့် ကိုယ်အင်္ဂါချို့ယွင်းမှုများ တိုးလာခဲ့သည်။ **စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်ခြင်းကြောင့် ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုများ သိသာစွာ တိုးလာခဲ့ပြီး၊ (၁၄) နှစ်အရွယ် မိန်းကလေးငယ်များကိုပင် သက်ရောက်မှုများရှိစေခဲ့သည်။** ထို့အပြင် ကလေးသူငယ်များစွာတို့သည် စစ်မှုထမ်းဥပဒေကို ရှောင်ရှားရန်အတွက် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာရန် ကြိုးစားလာကြသည်နှင့်အမျှ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုနှင့် ကလေးသူငယ် လူကုန်ကူးခံရမှုအန္တရာယ်များလည်း ရုတ်တရက်မြင့်တက်လာခဲ့သည်။




**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအခြေအနေ**

မြန်မာနိုင်ငံတွင် အချက်အလက်များ ရှားပါးသော်လည်း မိတ်ဖက်အဖွဲ့များထံမှ အစီရင်ခံစာများ၊ CPIMS+, PIMS, MSNA[7] တို့မှ စုစည်းရရှိနိုင်သော အချက်အလက်များ၊ ၂၀၂၄ ခုနှစ် ဇွန်လမှစ၍ ထုတ်ပြန်သည့် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာပါ အချက်အလက်များအရ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကို အသေးစိတ်ကြည့်နိုင်ခဲ့သည်။

ပဋိပက္ခများသည် မြန်မာနိုင်ငံရှိ ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးပတ်ဝန်းကျင်ကို ဆိုးရွားစွာ အားနည်းစေခဲ့ပြီး၊ ကလေးသူငယ်များသည် **အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုနှင့် ခေါင်းပုံဖြတ်မှု၊ လျစ်လျူရှုခံရခြင်း**တို့အပေါ် ပို၍ ထိခိုက်လွယ်လာကြသည်။ ကလေးသူငယ်များက **မိမိတို့၏ နေအိမ်၊ ကျောင်းများ[8]နှင့် ရပ်ရွာအတွင်းတွင်** မြင်တွေ့ရသည့် သို့မဟုတ် ကြုံတွေ့ရသည့် အကြမ်းဖက်မှုများအပါအဝင် ယခင်ကပင် ရှိနေပြီးဖြစ်သည့် အန္တရာယ်များနှင့် လျစ်လျူရှုခံရခြင်းတို့သည် ပဋိပက္ခများကြောင့် ပို၍ ဆိုးလာပါသည်။ လူမှုရေး စံနှုန်းများနှင့် ကျား/မရေးရာစံနှုန်းများမှာလည်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုအချို့၏ အကြောင်းရင်းများဖြစ်ကြသည်။ လက်ရှိကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်များတွင် **ပေါက်ကွဲစေတတ်သောပစ္စည်းများအန္တရာယ်၊ ကလေးစစ်သားအဖြစ်စုဆောင်းခံရမှု၊ ကလေးလုပ်သား၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်း၊** ရုပ်ပိုင်းဆိုင်ရာ/စိတ်ခံစားမှုဆိုင်ရာ ညှင်းပန်းနှိပ်စက်မှု၊ မိသားစုအား ပြန်လည်ထောက်ပံ့ပေးရမည့် ဝန်ထုပ်ဝန်ပိုး တိုးလာခြင်း၊ **ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း၊ လူကုန်ကူးခံရခြင်း၊** စစ်အတွင်းထည့်သွင်းခံရခြင်း၊ **ပညာရေးဝန်ဆောင်မှုများကို တိုက်ခိုက်ခံရခြင်း**စသည်တို့ ပါဝင်ကြသည်။ **မိဘ၏ ပြုစုအုပ်ထိန်းမှုမရှိခြင်း၊ ရွယ်တူကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံမှုမရှိခြင်း**တို့သည်လည်း ကလေးသူငယ်များ၏ စိတ္တလူမှုဆိုင်ရာ ကောင်းမွန်စွာနေထိုင်ရေးကို သိသာစွာ ထိခိုက်စေသည်။ အမှုစီမံခန့်ခွဲရေးအလားအလာများကို သရုပ်ခွဲဆန်းစစ်ချက်အရ ၂၀၂၄ ခုနှစ်တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမှုဖြစ်ရပ်များ သိသာစွာတိုးလာခဲ့ကြောင်း ဖော်ပြနေပါသည်။ နောင်လာမည့်နှစ်တွင် ကလေးသူငယ်ဆိုင်ရာ အမှုဖြစ်ရပ်များ ဆက်လက်မြင့်တက်နေဦးမည်ဟု မျှော်မှန်းထားပါသည်။ [9]

စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေခြင်းကြောင့် **သက်ငယ်လက်ထပ်ထိမ်းမြားခြင်း၊ ဘေးမကင်းသော/ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာခြင်း၊ လက်နက်ကိုင်အဖွဲ့များသို့ တပ်သားသစ်အဖြစ်စုဆောင်းခံရခြင်း**

---

[7] ဝေါဟာရဖွင့်ဆိုချက်တွင်ကြည့်ပါ။

[8] နိုင်ငံများစွာတွင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း၌ နှစ်ကြိမ်ဆောင်ရွက်ခဲ့သည့် ကျောင်းကျန်းမာရေး စစ်တမ်းကောက်ယူမှုများအရ ကျောင်းများတွင် အကြမ်းဖက်မှုအမျိုးမျိုးကို တွေ့ကြုံနေရခြင်းမှာ သတိပြုဖွယ်အဆင့်အထိ အလွန်မြင့်မားနေကြောင်း ဖော်ပြနေပါသည်။

[9] ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုအလိုက် အမှုစီမံခန့်ခွဲရေးအလားအလာသရုပ်ခွဲဆန်းစစ်မှုများကို ရရှိနိုင်သမျှ ဖော်ပြပေးထားပါသည်။

စသည့် ထပ်တိုးစိန်ခေါ်မှုများလည်း မြင့်တက်လာနေပါသည်။ အထိခိုက်လွယ်ဆုံးသော ကလေးသူငယ်များတွင် **မသန်စွမ်းမှု**ရှိနေသည့် ကလေးသူငယ်များ သို့မဟုတ် မသန်စွမ်းမှုရှိနေသည့် အဓိကပြုစုစောင့်ရှောက်သူများ၏ စောင့်ရှောက်မှုခံယူနေရသည့် ကလေးသူငယ်များလည်း ပါဝင်ကြသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်နှောင်းပိုင်း၌ NGO အဖွဲ့အစည်းများအား မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်အသက်သွင်းလိုက်ခြင်းကြောင့် မြန်မာနိုင်ငံတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကို တက်ကြွစွာ ဖြေရှင်းဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများအတွက် စိန်ခေါ်မှုအသစ်များ ဖြစ်ပေါ်စေခဲ့သည်။ NGOs အဖွဲ့များကို စိစစ်မှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်ပြီး ဤမဟာဗျူဟာကို မူကြမ်းရေးဆွဲသည့်အချိန်၌ပင် ပိုမိုများပြားနေပြီဖြစ်သည်။

## စိတ္တလူမှုဆိုင်ရာ ဖိစီးမှုနှင့် စိတ်ဒဏ်ရာရမှု

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကြောင့် ကလေးသူငယ်များအနေဖြင့် စိတ်ဖိစီးမှု၊ စိုးရိမ်မှု၊ စိတ်ဓါတ်ကျမှုနှင့် ကြောက်ရွံ့မှုတို့ကို ပိုမိုတွေ့ကြုံခံစားရစေသည်။ မြန်မာနိုင်ငံ၏ လက်ရှိ အကျပ်အတည်းသည် ကလေးသူငယ်များနှင့် ၎င်းတို့အား ပြုစုစောင့်ရှောက်သူများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆိုင်ရာဒုက္ခများကို ချက်ချင်းဖြစ်စေ သို့မဟုတ် ရေရှည်တွင်ဖြစ်စေ ပေါ်ပေါက်လာစေသည်။ [10] ၂၀၂၃ ခုနှစ် MSNA လေ့လာမှုအရ **IDPs များအနက် သုံးပုံတစ်ပုံက စစ်တမ်းကောက်ယူမှုမတိုင်မီ (၃၀) ရက်အတွင်းတွင် ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အာရုံမစိုက်နိုင်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် အခြား မကောင်းသော စိတ်ခံစားမှုများကို တွေ့ကြုံခဲ့ရကြောင်း**နှင့် ယင်းခံစားချက်များကြောင့် **ကလေးပြုစုစောင့်ရှောက်ခြင်း၊** အိပ်စက်ခြင်း၊ ရပ်ရွာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းစသည့် **ပုံမှန်လုပ်ငန်းများအား ဆောင်ရွက်နိုင်စွမ်း** သို့မဟုတ် မိမိကိုယ်မိမိဂရုစိုက်နိုင်စွမ်းကို **ထိခိုက်စေခဲ့ကြောင်း အစီရင်ခံခဲ့ကြသည်။** [11] အမှုစီမံခန့်ခွဲရေးအလားအလာများကို သရုပ်ခွဲလေ့လာမှု အချက်အလက်များအရ၊ **စိတ္တလူမှုဆိုင်ရာ ဖိစီးမှုသည် ၂၀၂၄ ခုနှစ်အတွင်း အစီရင်ခံခဲ့သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများအနက် အများဆုံးဖြစ်ခဲ့ပြီး၊** ၂၀၂၄ ခုနှစ် ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ဒုတိယသုံးလပတ်တွင် ရုတ်တရက်ပိုများလာခဲ့သည်။ [12]

## အန္တရာယ်များနှင့် ထိခိုက်ဒဏ်ရာရမှုများ

တစ်ကမ္ဘာလုံးတွင် အသက် (၅) နှစ်မှ (၁၄) နှစ်အတွင်းရှိ ကလေးသူငယ် သေဆုံးမှုများအနက် ၂၅% ကျော်မှာ မတော်တဆထိခိုက်ဒဏ်ရာရမှုများကြောင့်ဖြစ်ပြီး၊ အသက် (၁၅) နှစ်မှ (၁၉) နှစ်အကြားရှိ ကလေးသူငယ်များအတွက် သေဆုံးရခြင်းနှင့် ပြင်းထန်/ရာသက်ပန် ချို့ယွင်းမှုဖြစ်ရခြင်း၏ အဓိက

[10] လူသားချင်းစာနာမှုလုပ်ငန်းများတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများ - ၂၀၁၉ ခုနှစ် (ယခုအချိန်မှစ၍ CPMS 2019 ဟု ရည်ညွှန်းဖော်ပြသွားပါမည်)။

[11] ယခင်ကိုးကားခဲ့သည့် ကမ္ဘာ့ဘဏ်အစီရင်ခံစာ။

[12] Case Management trends analysis Q2 2024

အကြောင်းရင်း တစ်ခု ဖြစ်နေသည်။ မတော်တဆထိခိုက်ဒဏ်ရာရမှုများကြောင့် ကလေးသူငယ်တစ်ဦးသေဆုံးရတိုင်း အခြားကလေးငယ်များစွာတို့မှာလည်း ရာသက်ပန်ချို့ယွင်းသူများ ဖြစ်ကြရသည်။ ထိခိုက်ဒဏ်ရာရမှု၏ သဘောသဘာဝမှာ ကျား၊မ၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ တည်နေရာ၊ လူမှုစီးပွားရေးအဆင့်အတန်း၊ အခန်းကဏ္ဍများနှင့် တာဝန်များ၊ ထိခိုက်ဒဏ်ရာဖြစ်စေသည့် ဖြစ်ရပ်စသည်တို့ပေါ်မူတည်၍ အမျိုးမျိုး ဖြစ်နိုင်သည်။ လူသားချင်းစာနာမှုအကျပ်အတည်းများသည် ထိခိုက်ဒဏ်ရာရစေသည့် အန္တရာယ်များကို နေ့စဉ် တိုးစေနိုင်ပြီး၊ အထူးသဖြင့် မိမိနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသော ပတ်ဝန်းကျင်တွင် နေရပ်စွန့်ခွာနေရသည့် ကလေးသူငယ်များအတွက် အန္တရာယ်အသစ်များကို ဖန်တီးပေးနေသည်။[13] မြန်မာနိုင်ငံတွင် **မြေမြှုပ်မိုင်းများ**နှင့် ထိတွေ့မှုသည် ကလေးသူငယ်များအတွက် အထူးအန္တရာယ်ရှိပြီး၊ နိုင်ငံအနှံ့အပြားရှိ ကလေးသူငယ်များကို သေဆုံးမှု သို့မဟုတ် ရာသက်ပန်ချို့ယွင်းထိခိုက်မှုများ ဖြစ်စေသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုအပါအဝင် မည်သူမည်ဝါမခွဲခြားဘဲ ရမ်းသမ်းပစ်ခတ်မှုများကြောင့် ကလေးသူငယ်များကို ထိခိုက်စေပြီး သေဆုံးမှုနှင့် ကိုယ်အင်္ဂါချို့ယွင်းမှုများရှိခဲ့ကြောင်း အစီရင်ခံထားပါသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လအခြေအနေအရ ကလေးသူငယ်များပါဝင်သည့် မြေမြှုပ်မိုင်းဖြစ်ရပ် (၁၀၀) ခန့် ရှိခဲ့ပါသည်။ သို့ရာတွင် ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်မှုများကို အစီရင်ခံမှု အလွန်နည်းပါးနေပြီး၊ လက်တွေ့တွင် ယင်းဖြစ်ရပ်များမှာ များစွာ ပို၍ ရှိနေနိုင်ပါသည်။ ထို့အပြင် နေရပ်စွန့်ခွာရသည့် အခြေအနေများတွင် ကလေးသူငယ်များကို လုံလောက်သော ကြီးကြပ်အုပ်ထိန်းမှုမရှိဘဲ ထားခဲ့ရပြီး အန္တရာယ်ရှိသော နေရာများတွင် ကစားနေကြရသည်။ မုတ်သုန်ရာသီတွင် မြစ်ချောင်းများအတွင်း၌ သို့မဟုတ် အခြားရေရှိသည့်နေရာများ၌ ဆော့ကစားနေသည့် ကလေးသူငယ်များသည် **ရေနစ်**မှုများ ရှိခဲ့ကြောင်း အစီရင်ခံထားပါသည်။ လူမရှိဘဲ မကြာခဏပစ်ထားတတ်သည့် ဆောက်လုပ်ရေး လုပ်ငန်းနေရာများသည်လည်း ကလေးသူငယ်များအတွက် အန္တရာယ်ဖြစ်စေနိုင်ပါသည်။

## အကြမ်းဖက်မှုနှင့် နှိပ်စက်မှုများ

မြန်မာနိုင်ငံတွင် မိသားစုများစွာတို့သည် လူနေထူထပ်သော အခြေအနေများတွင် နေထိုင်နေကြပြီး၊ မိမိတို့၏ နေအိမ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆုံးရှုံးခဲ့ရသည်။ ကြောက်ရွံ့မှုနှင့် မသေချာမှု အခြေအနေအောက်တွင် ရေရှည်အကျိုးမရှိသော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းအမျိုးမျိုးတို့ကို ကျင့်သုံးကြရသည်။ အိမ်တွင်းအကြမ်းဖက်မှုများ တိုးလာပြီး၊ လူသားချင်းစာနာမှုအကျပ်အတည်းကြောင့် **ကလေးသူငယ်များသည် အိမ်များ၊ ကျောင်းများနှင့် ရပ်ရွာတွင်းတွင် အကြမ်းဖက်မှုကို ပိုမို ကြုံတွေ့ သို့မဟုတ်**

[13] CPMS 2019

**ပိုမိုမြင့်တွေ့လာရသည်။** နှိပ်စက်ခံရခြင်းသည် ကလေးသူငယ်များနှင့် နောင်မျိုးဆက်များအပေါ် ဆိုးရွားသော ရေတို/ရေရှည်ထိခိုက်မှုများကို ဖြစ်ပေါ်စေသည်။[14] ၂၀၂၄ ခုနှစ် အမှုဖြစ်ရပ်လေ့လာမှုအချက်အလက်များအရ၊ မြန်မာနိုင်ငံတွင် ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု/အကြမ်းဖက်မှုနှုန်းများ မြင့်မားလာကြောင်း ဖော်ပြနေသည်။[15] ထို့အပြင် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အမှုဖြစ်ရပ်စောင့်ကြည့်ခြင်း (PIM)[16] အစီရင်ခံစာတွင် ကိုယ်အင်္ဂါချို့ယွင်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရမှုများသည် ကလေးသူငယ်များ ရင်ဆိုင်နေရသည့် အမြင့်မားဆုံးသော စိုးရိမ်မှုတစ်ခုဖြစ်ကြောင်း အစီရင်ခံထားသည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် ပိုမိုငယ်ရွယ်သော ကလေးသူငယ်များအား လျစ်လျူရှုမှုသည်လည်း များပြားကြောင်းနှင့် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ဒုတိယသုံးလပတ်တွင် ပိုမိုများပြားလာကြောင်းကို ၂၀၂၄ ခုနှစ် အမှုဖြစ်ရပ်လေ့လာမှုတွင် တွေ့ရှိထားသည်။ ယင်းလေ့လာမှု၌ပင် စိတ်ခံစားမှု သို့မဟုတ် စိတ္တဇကြောင့် အကြမ်းဖက်မှုများသည်လည်း အလားတူပင် မြင့်မားကြောင်းနှင့် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ဒုတိယသုံးလပတ်တွင် ပိုမိုများပြားလာကြောင်းကို ဖော်ပြထားသည်။ နေအိမ်တွင်းနှင့် ရပ်ရွာတွင်းတွင် အကြမ်းဖက်မှုနှင့် နှိပ်စက်မှုတို့အတွက် အားလုံးက ပူးပေါင်း၍ တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်ပြီး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်သူများအနေဖြင့် ရပ်ရွာအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ စိတ္တလူမှုဆိုင်ရာအကူအညီ (MHPSS)၊ အပြုသဘော ဆောင်သော မိဘအုပ်ထိန်းမှုသင်တန်းများ၊ (လိုအပ်ပါက) အထူးပြုဝန်ဆောင်မှုများထံသို့ လွှဲပြောင်းပေးမှုစသည်တို့ ပါဝင်သည့် အမှုဖြစ်ရပ်စီမံခန့်ခွဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် ကျွမ်းကျင်မှုများ လိုအပ်နေပါသည်။

**တပ်ဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့များအတွက် လူသစ်စုဆောင်းမှုများ**

မြန်မာနိုင်ငံ၏ လက်ရှိ အရှုပ်အထွေးများကြောင့် ကလေးသူငယ်များကို တပ်နှင့် လက်နက်ကိုင်အဖွဲ့များသို့ **တပ်သားသစ်အဖြစ်စုဆောင်းခံနေရပြီး၊** ကလေးသူငယ်များအပေါ် ဆိုးကျိုးများသက်ရောက်စေခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အမျိုးမျိုးနှင့် မြန်မာ့တပ်မတော် (MAF) တို့အပါအဝင် လက်နက်ကိုင်အဖွဲ့များစွာရှိနေသည့် မြန်မာနိုင်ငံတွင် ကလေးသူငယ်များအတွက် တိုက်ခိုက်ရေးနှင့် တိုက်ခိုက်ရေးမဟုတ်သော ပါဝင်သူများအဖြစ် လက်နက်ကိုင်အဖွဲ့များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခွင့်အလမ်းများစွာရှိနေသည်။[17] ထို့အပြင် စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေခြင်းကြောင့်

---

[14] လူသားချင်းစာနာမှုလုပ်ငန်းများတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများ - ၂၀၁၉ ခုနှစ် (ယခုအချိန်မှစ၍ CPMS 2019 ဟု ရည်ညွှန်းဖော်ပြသွားပါမည်)။

[15] Case Management trends analysis Q2 2024

[16] Protection incident Monitoring

[17] လက်နက်ကိုင်တိုက်ပွဲများအတွင်းရှိ ကလေးသူငယ်များ၏ အခြေအနေဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ (A_78_84 2-S_2024 – 03 June 2024)

အခြားလက်နက်ကိုင်အဖွဲ့များတွင် ရင်းနှီးသည့်အဆက်အသွယ်များရှိနေသည့် ကလေးသူငယ်များသည် အသက် (၁၈) နှစ်ပြည့်ပါက စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရမည်ကို ရှောင်ရှားရန်အတွက် အခြားလက်နက်ကိုင်အဖွဲ့များသို့ ဝင်ရောက်မှုများလည်း ပိုမိုများပြားလာခဲ့သည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား တပ်သားသစ်အဖြစ်စုဆောင်းနေကြောင်းနှင့် လက်နက်ကိုင်တိုက်ပွဲများတွင် အသုံးပြုနေကြောင်း အတည်ပြုနိုင်သည့် ဖြစ်ရပ်အရေအတွက်သည် ၂၀၂၃ ခုနှစ်တွင် ၄၀၀% အထိ မြင့်တက်လာခဲ့သည်။[18] တပ်ဖွဲ့ သို့မဟုတ် လက်နက်ကိုင်အဖွဲ့များနှင့် တွဲဖက်နေသည့် ကလေးသူငယ်များ (CAAFAG) ကို အဆိုးရွားဆုံးသော ကလေးလုပ်သားပုံစံတစ်ခုအဖြစ် အသိအမှတ်ပြုထားပါသည်။[19]

## ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း

၂၀၂၃ ခုနှစ် ကဏ္ဍစုံလိုအပ်ချက်ဆန်းစစ်မှု (MSNA 2023)[20] အရ၊ အိမ်ထောင်စုများက မိမိတို့ ရပ်ရွာတွင်း၌ ပိုမိုငယ်ရွယ်သော ကလေးသူငယ်များ လက်ထပ်ထိမ်းမြားကြသည်မှာ ပုံမှန်ဖြစ်ကြောင်း အစီရင်ခံခဲ့ပြီး၊ ဤအချက်ကို လူဦးရေအုပ်စု (၄) စုလုံးက ဖော်ပြခဲ့ကြသည်။ မိသားစုများသည် အိမ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရင်းအမြစ်များမလုံလောက်ခြင်းကြောင့် မိန်းကလေးများကို စောစီးစွာ လက်ထပ်ပေးတတ်ကြသည်။ ဖြစ်ရပ်များစွာတွင် ပြုစုစောင့်ရှောက်သူသည် သမီးမိန်းကလေးကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ကာကွယ်ပေးရန်အတွက် စောစီးစွာ လက်ထပ်ပေးလိုကြသည်။ **စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေခြင်းကြောင့် ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုများ တိုးလာကြောင်းကို CP AoR မိတ်ဖက်အဖွဲ့များက အစီရင်ခံထားပါသည်။ စစ်မှုထမ်းဥပဒေတွင် အိမ်ထောင်ကျပြီးသူများကို ကင်းလွတ်ခွင့်ပြုထားသည့်အတွက် ကလေးသူငယ်များစွာသည် စောစီးစွာ အိမ်ထောင်ပြုနေကြသည်။** ထို့အပြင် ကလေးသူငယ်များသည် လက်ထပ်ရန်အတွက်နိုင်ငံရပ်ခြားသို့ ထွက်ခွာရန်ကြိုးစားနေကြသည်ဟူသော အစီရင်ခံချက်များလည်း ရှိထားရာ ဤအချက်ကို ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုအတွက် မောင်းနှင်အားတစ်ခုအနေဖြင့်လည်းကောင်း၊ လူကုန်ကူးသူများက ကလေးသူငယ်များအား ခေါင်းပုံဖြတ်နိုင်သည့် နည်းလမ်းတစ်ခုအနေဖြင့်လည်းကောင်း ရှုမြင်နိုင်ပြီး စိုးရိမ်မှုတစ်ခုဖြစ်နေသည်။ ရေရှည်အကျိုးမရှိသော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများအား ကျင့်သုံးရမှုညွှန်းကိန်း (rCSI) အလယ်အလတ်မှ မြင့်မားသည့်

---

[18] ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁၅) ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ (၃၁) ရက်အတွင်း မြန်မာနိုင်ငံတွင် ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေအပေါ် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ။

[19] CPMS 2019

[20] ကဏ္ဍစုံလိုအပ်ချက်ဆန်းစစ်မှု (MSNA) တွင် IDP, နေရပ်ပြန်ရသူများ၊ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများနှင့် OCAP ဟူသော လူဦးရေအုပ်စုအားလုံးတို့၏ အိမ်ထောင်စုများအနက် ၂၈% မှ ၃၀% က ကလေးသူငယ်များအား အသက် (၁၈) နှစ်မပြည့်မီ လက်ထပ်ထိမ်းမြားပေးမှုအား သိရှိကြောင်းကို အစီရင်ခံထားသည်။ MSNA သည် အိမ်ထောင်စုအဆင့် စစ်တမ်းကောက်ယူခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေကြားသူများသည် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းနှင့် ကလေးလုပ်သားကဲ့သို့သော အငြင်းပွားဖွယ်ပြဿနာများအကြောင်းကို စစ်တမ်းကောက်သူသို့ ထုတ်ဖော်မပြောတတ်ကြသည်ကို သတိပြုပါ။

အိမ်ထောင်စုများသည် rCSI ညွှန်းကိန်း နိမ့်သည့် သို့မဟုတ် လုံးဝမရှိသည့် အိမ်ထောင်စုများနှင့် နှိုင်းယှဉ်ပါက ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု အနည်းငယ် ပိုဖြစ်နိုင်ကြောင်း အစီရင်ခံထားပါသည်။[21] မိန်းကလေးများအတွက် ကျောင်း/မရေးရာအခန်းကဏ္ဍကို ကန့်သတ်ထားခြင်းနှင့် လွတ်လပ်မှုနည်းပါးခြင်း အပါအဝင် ယခင်ကပင်ရှိနေပြီးဖြစ်သည့် လူမှုရေးနှင့် ကျားမရေးရာစံနှုန်းများ၊ ပညာမသင်ကြားရခြင်းနှင့် ဆင်းရဲနွမ်းပါးမှုတို့သည် သက်ငယ်လက်ထပ်ထိမ်းမြားမှုကို ဖြစ်စေပါသည်။ GBV AoR နှင့် CP AoR နှစ်ခုလုံး၏ အောက်တွင် ဖွဲ့စည်းထားသည့် GBV-CP လုပ်ငန်းအဖွဲ့သည် ရပ်ရွာပြည်သူများ၊ ပြုစုစောင့်ရှောက်သူများနှင့် ကလေးသူငယ်များအတွက် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အဓိကသတင်းစကားများကို ရေးသားပြုစုထားပြီး၊ AoR နှစ်ခုလုံးကို သင့်တော်သော လုပ်ငန်းများဖြင့် ဆက်လက်ကူညီပေးသွားမည်ဖြစ်သည်။

**ကလေးလုပ်သား**

မြန်မာနိုင်ငံသည် ကလေးလုပ်သားပြဿနာကို ရင်ဆိုင်နေရပြီး၊ ၂၀၂၃ ခုနှစ် ကဏ္ဍစုံလိုအပ်ချက်ဆန်းစစ်မှုအရ သိသာစွာများပြားသော အိမ်ထောင်စုများသည် မိမိတို့ရပ်ရွာအသိုင်းအဝိုင်းတွင် ကလေးလုပ်သားများကို အတွေ့များကြောင်း သဘောတူကြသည်ဟု ဖော်ပြနေသည်။ **PIMS Q2 လေ့လာမှုတွင်လည်း ကလေးသူငယ်များအတွက် အစမ့်လုပ်သား သို့မဟုတ် ကျွန်အဖြစ် ခိုင်းစေခံရမှု မြင့်မားကြောင်း မှတ်ချက်ပြုထားပါသည်။** ကလေးလုပ်သားများစွာတို့သည် အစမ့်လုပ်သား၊ တပ်ဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့များသို့ တပ်သားသစ်အဖြစ်စုဆောင်းခံရခြင်း၊ လူကုန်ကူးခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ တရားမဝင်အလုပ် သို့မဟုတ် အန္တရာယ်များသော အလုပ်များတွင် ခိုင်းစေခြင်းစသည်တို့ အပါအဝင် အဆိုးရွားဆုံးသော ကလေးလုပ်သားပုံစံ (WFCL)[22] ဖြင့် ချိတ်ဆက်လုပ်ကိုင်နေကြရသည်။ မြန်မာနိုင်ငံတွင် လူဦးရေအုပ်စု (၄)စုလုံးမှ ပြည်သူများသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် ကျရောက်မှု ပို၍ များပြားလာပြီး၊ လက်ရှိ လူသားချင်းစာနာမှုအခြေအနေကြောင့် စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ထိခိုက်လာသည်နှင့်အမျှ၊ ကလေးသူငယ်များက မိသားစုဝင်ငွေရရှိစေရန် ကူညီလုပ်ကိုင်ပေးရခြင်းအပါအဝင် ရေရှည်အကျိုးမရှိသည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို ပို၍ ကျင့်သုံးလာကြသည်။ လေ့လာမှုတစ်ခုအရ ၂၀၂၄ ခုနှစ်တွင် စားနပ်ရိက္ခာစားသုံးနိုင်မှု နည်းပါးသည့် သို့မဟုတ် လောက်ငှရုံသာရှိသည့် အိမ်ထောင်စုများစွာတို့သည် စားနပ်ရိက္ခာလောက်ငှစွာစားသုံးနိုင်သည့် အိမ်ထောင်စုများနှင့် နှိုင်းယှဉ်ပါက လေ့လာမှုမပြုလုပ်မီ ရက် (၃၀) အတွင်းက မိသားစုဝင်ငွေကို ကူညီဖြည့်ဆည်းပေးရန်အတွက် အသက် (၁၅) နှစ်အောက် ကလေးသူငယ်များ၏ အလုပ်လုပ်ကိုင်မှုအပေါ် မှီခိုခဲ့ရကြောင်း ဖော်ပြနေပါသည်။[23] လုပ်သားအင်အားတွင် လူငယ်အရေအတွက် လျော့နည်းလာခြင်းသည်လည်း မြန်မာနိုင်ငံ၏

---

[21] Food Security and Protection Brief 2024

[22] https://normlex.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_ILO_CODE:C182 for ILO C182 – Worst Forms of Child Labor convention1999 (No. 182) တွင်ကြည့်ပါ။

[23] Food Security and Protection Brief 2024

လူမှုစီးပွားရေးအခြေအနေတွင် အားနည်းမှုကို ဖြစ်စေပြီး ယုံကြည်ရလောက်သော အစီရင်ခံစာများအရ ကလေးလုပ်သားအရေအတွက် တိုးလာကြောင်း ဖော်ပြနေပါသည်။[24] PIMS Q1 အချက်အလက်များအရ၊ မြန်မာနိုင်ငံတွင် ကလေးလုပ်သားအရေအတွက် အလွန်အမင်းများပြားနေကြောင်း အစီရင်ခံထားပါသည်။ IDPs များသည် နေရပ်စွန့်ခွာရခြင်းမရှိသူများနှင့် နှိုင်းယှဉ်ပါက ကလေးသူငယ်များအား ကလေးလုပ်သားအဖြစ် ပါဝင်လုပ်ကိုင်ခိုင်းမှုများ ပို၍ ဖြစ်နိုင်ပါသည်။[25]

## ကလေးသူငယ်များအပေါ် ရာဇဝတ်မှု ကျူးလွန်မှုများ

စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ နိုင်ငံအဆင့် အထူးလုပ်ငန်းအဖွဲ့ (CTFMR)[26] သည် ကလေးသူငယ်များအပေါ် ရာဇဝတ်မှုကျူးလွန်မှုများအား စောင့်ကြည့်၍ အစီရင်ခံရန် တိုက်ရိုက်တာဝန်ရှိပါသည်။ CP AoR သည် နိုင်ငံတစ်ဝှမ်းလုံးရှိ ကလေးသူငယ်များအပေါ် ဥပဒေချိုးဖောက်မှုများကို စောင့်ကြည့်စစ်ဆေးရန် အတွက် CTFMR နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သည်။ ကလေးသူငယ်များအပေါ်ကျူးလွန်သည့် ရာဇဝတ်မှု (၆) မျိုး[27]တွင် ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါချို့ယွင်းစေခြင်း၊ ကလေးသူငယ်များအား အသုံးချခြင်း သို့မဟုတ် တပ်သားသစ်အဖြစ်စုဆောင်းခြင်း၊ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ကလေးသူငယ်များကို ဖြားယောင်းဖမ်းဆီးခြင်း၊ ကျောင်းများ၊ ဆေးရုံများကို တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များ လူသားချင်းစာနာမှုအကူအညီရယူမှုအား ငြင်းဆိုပယ်ချခြင်းတို့ပါဝင်သည်။ အစီရင်ခံမှု နည်းပါးသော်လည်း၊ ၂၀၂၃ ခုနှစ်တွင် ကလေးသူငယ်များအပေါ် အခွင့်အရေးချိုးဖောက်၍ ပြစ်မှုကျူးလွန်မှုများ မြင့်တက်လာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ကလေးသူငယ် (၂၀၉၃) ဦးအပေါ် ကျူးလွန်မှု (၂၇၉၉) မှုရှိခဲ့ရာ၊ ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက နောက်ထပ် ၁၂၈% တိုးလာခြင်းဖြစ်သည်။ ပြစ်မှု (၆) မျိုးအနက် ကလေးသူငယ်များအား ဖြားယောင်းဖမ်းဆီးခြင်းမှအပ ကျန်ပြစ်မှုကျူးလွန်မှုများမှာ တစ်နိုင်ငံလုံးတွင် တိုးလာနေသည်။ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်အတွင်း၌ ပဋိပက္ခတွင် ပါဝင်နေကြသည့်အဖွဲ့များက တပ်သားသစ်အဖြစ် စုဆောင်းခံရသည့် ကလေးသူငယ်အရေအတွက်သည် ၃၉၈% တိုးလာခဲ့ပြီး၊ သေဆုံး/ကိုယ်အင်္ဂါချို့ယွင်းရသည့် ကလေးသူငယ်အရေအတွက်မှာ ၆၅% တိုးလာခဲ့သည်။ တိုက်ပွဲများအရှိန်မြင့်လာပြီး၊ တိုက်ပွဲများကြောင့် ထိခိုက်ခံရသည့်ဒေသများ ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ယင်းဒေသအများစုသို့ သွားရောက်ရန် ခက်ခဲခြင်း သို့မဟုတ် မသွားရောက်နိုင်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ခံရခြင်း၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များရှိခြင်း၊ မိတ်ဖက်အဖွဲ့များအား

[24] ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁၅) ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ (၃၁) ရက်အတွင်း မြန်မာနိုင်ငံတွင် ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေအပေါ် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ။

[25] ကမ္ဘာ့ဘဏ်အစီရင်ခံစာ “Populations in Peril: Decoding Patterns of Forced Displacement in Myanmar, May 2024”

[26] Country Task Force on Monitoring and Reporting

[27] https://childrenandarmedconflict.un.org/six-grave-violations/

လက်တုံ့ပြန်မည်ကို စိုးရိမ်ရခြင်းတို့ကြောင့် စောင့်ကြည့်ခြင်း၊ အတည်ပြုခြင်းနှင့် တုံ့ပြန်ကူညီခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အခက်အခဲပိုမိုများပြားလာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် တိုက်ပွဲများ အရှိန်မြင့်တက်လာနေခြင်းကြောင့် ၂၀၂၃ ခုနှစ်ကတည်းကပင် ဆိုးရွားခဲ့သည့် အခြေအနေနှင့် ပြစ်မှုပိုမိုကျူးလွန်မှုများသည် ၂၀၂၄ ခုနှစ်အကုန်တွင် ဆက်လက်မြင့်တက်လာမည်ဟု မျှော်မှန်းထားပါသည်။ ကလေးသူငယ်များ[28]နှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အထွေထွေ အတွင်းရေးမှူးချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ကလေးသူငယ်များအပေါ် ပြစ်မှုကျူးလွန်မှုများနှင့်စပ်လျဉ်း၍ များစွာစိုးရိမ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM) ၏ အစီရင်ခံစာ[29]တွင်လည်း အသက် (၁၈) နှစ်အောက်ကလေးသူငယ်များအပါအဝင် ကျား/မအားလုံးအပေါ် ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုများနှင့် ကျားမအခြေပြုပြစ်မှုများအတွက် ခိုင်လုံသည့် သက်သေအထောက်အထားများကို တင်ပြထားသည်။ CP AoR သည် MRM နှင့်လည်းကောင်း၊ PIMs များနှင့်လည်းကောင်း ဆက်စပ်နေသည့် သတင်းအချက်အလက်များကို အသုံးပြုနေရာ၊ အကြမ်းဖက်မှုကြောင့် ထိခိုက်ခံရသည့် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရသည့် ကလေးသူငယ် အရေအတွက်သည် သတိပြုဖွယ်အဆင့်အထိ မြင့်မားနေပြီး သေဆုံးရသည့် ကလေးသူငယ်အရေအတွက်မှာလည်း မြင့်မားကြောင်း တွေ့ရှိရပါသည်။

**ဘေးမကင်းသော ရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့် လူကုန်ကူးခြင်း**

မြန်မာနိုင်ငံတွင် ပဋိပက္ခများအရှိန်မြင့်တက်လာသည်နှင့်အမျှ၊ ကလေးသူငယ်များအပါအဝင် လူပေါင်းများစွာသည် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ ထွက်ပြေးရန် ပို၍ကြိုးစားနေကြသည်။ ဤအချက်နှင့်ဆက်စပ်၍ အလုပ်ရမည်၊ လက်ထပ်ထိမ်းမြားရမည်၊ ပိုမိုကောင်းမွန်သော ဘဝတစ်ခုရရှိမည်ဟူသော ကတိများပေး၍ လူကုန်ကူးမှုဖြစ်ရပ်များ ပို၍ ဖြစ်ပေါ်လာပြီး၊ ကလေးသူငယ်များသည်လည်း ထပ်မံ၍ ခေါင်းပုံဖြတ်ခံနေရသည်။ နေရပ်စွန့်ခွာရသူများတွင် ကလေးသူငယ်များစွာပါဝင်နေပြီး၊ မိန်းကလေးများနှင့် ယောကျ်ားလေးများသည် ထွက်ပြေးနေရစဉ်အတွင်း ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တမူထူးခြားသော အန္တရာယ်များကို ရင်ဆိုင်နေရသောကြောင့် ၎င်းတို့၏ သီးသန့်လိုအပ်ချက်များကို တုံ့ပြန်ကူညီပေးရန်မှာ အဓိက ဦးစားပေးတစ်ခုဖြစ်သည်။ ထို့အပြင် စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေခြင်းကြောင့် လူငယ်လူရွယ်များသည် စစ်မှုထမ်းရခြင်းမှ လွတ်မြောက်နိုင်ရန်အတွက် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာနေထိုင်မှုများကို ပို၍ ပြုလုပ်လာရသည်။ ဝေးလံခေါင်းပါးသော ရပ်ရွာများတွင် နိုင်ငံသားဆိုင်ရာစာရွက်စာတမ်းများမရှိခြင်းသည်

[28] လက်နက်ကိုင်တိုက်ပွဲများအတွင်းရှိ ကလေးသူငယ်များ၏ အခြေအနေဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ (၂၀၂၄ ခုနှစ်၊ ဇွန်လ) စာမျက်နှာ ၂၀-၂၃ အထိ။

[29] မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM) က ၉-၉-၂၀၂၄ မှ ၉-၁၀-၂၀၂၄ အထိ ပြုလုပ်သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၇) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြသည့် အစီရင်ခံစာ (၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်)

ပြဿနာတစ်ခုဖြစ်နေပြီး၊ အသက်ကို သက်သေပြနိုင်သည့် စာရွက်စာတမ်းများမရှိခြင်းကြောင့် ကလေးသူငယ်များကိုပင် (၁၈) နှစ်အထက်ဟု အလွယ်တကူသတ်မှတ်နေကြသည်။ အချက်အလက်များအရ ရိုဟင်ဂျာများအနက် ၆၀% မှ ၇၅% မှာ မိန်းကလေး/အမျိုးသမီးများဖြစ်ကြသည်။ **နယ်စပ်ကို ဖြတ်ကျော်၍ ထွက်ပြေးရန်ကြိုးစားရာတွင်လည်းကောင်း၊ နိုင်ငံရပ်ခြားမှ ပြန်လည်ဝင်ရောက်လာရာတွင်လည်းကောင်း သင့်တော်သော စာရွက်စာတမ်းများ မပါရှိခြင်းကြောင့် ကလေးသူငယ်များ ဖမ်းဆီးထိန်းသိမ်းခံရသည်ဟူသော အစီရင်ခံချက်များကိုလည်း ရရှိထားပါသည်။ ဤသို့ဖမ်းဆီးခြင်းခံရပါက တရားရုံးသို့ တင်ပြလေ့မရှိကြပါ။** CP AoR သည် ကလေးသူငယ်များနှင့် မိသားစုများက ဘေးမကင်းသော ရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့်ဆက်စပ်နေသည့် အန္တရာယ်များကို ကြိုတင်သိရှိပြီးနောက် ရွေးချယ်နိုင်စေရေးအတွက် ဘေးကင်းသော ရွှေ့ပြောင်းသွားလာ နေထိုင်မှုနှင့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာနေထိုင်မှုဆိုင်ရာ အဓိကသတင်းစကားများကို ဖြန့်ဝေပေးနိုင်ရန် မိတ်ဖက်အဖွဲ့များကို ကူညီပေးသွားပါမည်။

**မိသားစုနှင့် ကွဲကွာနေသော အဖော်မဲ့ကလေးသူငယ်များ**

မြန်မာနိုင်ငံတွင် လျင်မြန်စွာဖြင့် ထပ်တလဲလဲနေရပ်စွန့်ခွာနေရသည့် အခြေအနေများရှိနေခြင်းကြောင့်၊ ကလေးသူငယ်များသည် ၎င်းတို့အား ပြုစုစောင့်ရှောက်သူများနှင့် တကွဲတပြားစီဖြစ်ကြရပြီး မိသားစုနှင့် ကွဲကွာနေသော အဖော်မဲ့ကလေးသူငယ်များ (UASC) အဖြစ်သို့ ရောက်ရှိနေကြသည်။ ကလေးသူငယ်များစွာတို့သည် ရပ်ရွာအသိုင်းအဝိုင်းထံတွင် သို့မဟုတ် ဆွေမျိုးနီးစပ်မိသားစုများထံတွင် မှီခို၍ နေထိုင်ကြရသည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များစွာတို့သည် (ဥပမာအားဖြင့် မိသားစုနှင့် ကွဲကွာနေသော အဖော်မဲ့ကလေးသူငယ်များ သို့မဟုတ် လမ်းပေါ်တွင်နေထိုင်ကြရသည့် ကလေးသူငယ်များကဲ့သို့သော) မိသားစုနှင့် ကွဲကွာခြင်းနှင့် ပြုစုစောင့်ရှောက်မှုအစီအစဉ်ကို ရရှိနိုင်ခြင်းတို့နှင့် ဆက်စပ်နေပြီး၊ ထိုကလေးသူငယ်များသည် အစားထိုးပြုစုစောင့်ရှောက်ရေးနည်းလမ်းများကို လိုအပ်နေကြသည်။ မိသားစုကို အခြေခံသည့် အစားထိုးပြုစုစောင့်ရှောက်ခြင်းသည် အကောင်းဆုံးဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အမြဲတမ်းမရနိုင်ပါ။ မိသားစုနှင့် ကွဲကွာနေရခြင်းသည့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုဖြစ်စေသည့်အပြင် လူသားချင်းစာနာမှုဆိုင်ရာဝန်ဆောင်မှုများအား ရယူရာတွင်လည်း ကြီးမားသော အတားအဆီးများကို ဖြစ်စေနိုင်သည့်အတွက် CP AoR အနေဖြင့် အခြားအစုအဖွဲ့များက ဝန်ဆောင်မှုအကူအညီများပေးအပ်ရာတွင် ကလေးသူငယ်ဦးဆောင်သည့် မိသားစုများနှင့် မိသားစုနှင့်ကွဲကွာနေသည့် ကလေးသူငယ်များအတွက် နည်းလမ်းများကို ထည့်သွင်းဆောင်ရွက်စေရန် လိုအပ်လာပါသည်။ **၂၀၂၄ ခုနှစ် အမှုစီမံခန့်ခွဲရေးအလားအလာ သရုပ်ခွဲဆန်းစစ်မှုအရ ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ဒုတိယသုံးလပတ်တွင် မူလပြုစုစောင့်ရှောက်သူမရှိသည့် ကလေးသူငယ်အရေအတွက်မှာ ရုတ်တရက်တိုးလာကြောင်း ဖော်ပြနေပါသည်။** လက်ရှိ အခြေအနေကို ပို၍ပုံဖော်ပြနိုင်ရန်အတွက် မိသားစုနှင့် ကွဲကွာနေသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရေးအစီအစဉ်များနှင့်အတူ UASC နှင့် စပ်လျဉ်းသည့်

အချက်အလက်များကို ပိုမိုလိုအပ်နေပါသည်။ စည်းမျဉ်းဖြင့် ကြီးကြပ်ထားခြင်းမရှိသည့် အဖွဲ့အစည်းများတွင် နေထိုင်နေကြရသည့် ကလေးသူငယ်များမှာလည်း နောက်ထပ်အဓိကပြဿနာတစ်ရပ်ပင်ဖြစ်သည်။ တိုက်ပွဲများပြင်းထန်လာသည်နှင့်အမျှ ပုံစံတကျမဟုတ်သော ပြုစုစောင့်ရှောက်ရေးအစီအစဉ်များ တိုးလာခဲ့သည်။ ယင်းအစီအစဉ်များအနက် အများစုကို စည်းမျဉ်းဖြင့် ကြီးကြပ်ထားခြင်းမရှိသည့်အတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားပြီး၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများမှာ အနိမ့်ဆုံးဖြစ်နေသည်။ မိဘများနှင့် ကွဲကွာနေသည့် သို့မဟုတ် မိဘများက ချန်ထားခဲ့သည့် ကလေးသူငယ်များကို ယဉ်ကျေးမှုနှင့် ရိုးရာထုံးစံအရ ဆွေမျိုးနီးစပ်မိသားစုများက ပြုစုစောင့်ရှောက်ကြမည်ဖြစ်သော်လည်း၊ ၎င်းကလေးငယ်များနှင့် ထိုက်တန်သည့် ဂရုစိုက်မှုနှင့် ကာကွယ်စောင့်ရှောက်မှုတို့ကို ရရှိနိုင်ဖွယ်မရှိပါ။ မြန်မာနိုင်ငံတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူများအား စနစ်တကျစုဖွဲ့ထားသည့် ပြုစုစောင့်ရှောက်မှုဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်ရေးအတွက် မိသားစုအခြေခံသည့် အစားထိုး ပြုစုစောင့်ရှောက်ရေး နည်းလမ်းများကို မြှင့်တင်ဆောင်ရွက်ရန် စွမ်းဆောင်ရည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေသော်လည်း၊ စည်းမျဉ်းဖြင့် ကြီးကြပ်ထားသည့် ပုံစံတကျ ပြုစုစောင့်ရှောက်ရေးစနစ်မှာ မြန်မာနိုင်ငံတွင် မရရှိနိုင်သေးပါ။


## ဥပဒေနှင့် ငြိစွန်းသည့် ကလေးသူငယ်များ

ဥပဒေချိုးဖောက်သည့် ကလေးသူငယ်များသည် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒဖြင့် ချိုးဖောက်ကြခြင်းမဟုတ်ဘဲ၊ ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကန့်အသတ်ဖြင့်သာရှိနေသည့် အခွင့်အလမ်းများ၏ ရလဒ်ကြောင့်သာ ချိုးဖောက်ကြခြင်းဖြစ်သည်။ ဥပဒေနှင့် ငြိစွန်းသည့် ကလေးသူငယ်များသည် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်အတွင်းသို့ ရောက်ရှိသွားနှင့်တပြိုင်နက် ထိုအခွင့်အလမ်းများသည် ပို၍ပင် အကန့်အသတ်ရှိလာပါသည်။ ဥပဒေနှင့် ဝိရောဓိဖြစ်နိုင်သည့် ငယ်ရွယ်သူအုပ်စုများသည် များသောအားဖြင့် အနိုင်ကျင့်ခံရမှု၊ လျစ်လျူရှုခံရမှု၊ မိဘများ၏ လျစ်လျူရှုခံရခြင်းနှင့် အုပ်ထိန်းမှုညံ့ဖျင်းခြင်း၊ စီးပွားရေး အခက်အခဲများစသည်တို့၏ သားကောင်များဖြစ်ကြသည်။ ဤအချက်များသည် လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီနေပါသည်။ သက်ငယ်ရာဇဝတ်မှုများ ဖြစ်ပွားပါက ကလေးသူငယ်များကို ပြန်လည်ထူထောင်ပေးခြင်းနှင့် အခြားသော အစားထိုးနည်းလမ်းများဖြင့် ဖြေရှင်းပေးရမည့်အစား ဥပဒေနှင့်ငြိစွန်းနေသည့် ကလေးသူငယ်များအဖြစ် သတ်မှတ်ဆက်ဆံခြင်းသည် ရပ်ရွာလူထုကိုယ်တိုင်က ယင်းကလေးသူငယ်များကို လူ့အသိုက်အဝန်းမှ ဖယ်ထုတ်ပစ်ရာ ရောက်နေပါသည်။ ငယ်ရွယ်သေးသည့် ပြစ်မှုကျူးလွန်သူများသည် ၎င်းတို့နှင့် ထိုက်တန်သည့် "ဒုတိယအကြိမ်အခွင့်အရေး"ကို ငြင်းဆိုခံရပြီး၊ တချိန်တည်းတွင် ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ဆက်လက်သတ်မှတ်ခံရမည်ဆိုပါက ၎င်းတို့အတွက် "အခွင့်အရေး"ဆိုသည်မှာ ကြီးပြင်းလာသည့်အချိန်တွင် ရာဇဝတ်မှုများကို အကြိမ်ကြိမ်ကျူးလွန်ခြင်းဆီသို့ ရောက်သွားနိုင်ပါသည်။ ဤကလေးသူငယ်များကို ငယ်ရွယ်စဉ်ကတည်းကပင် ကူညီပေးရန် လိုအပ်သည်။ သို့သော် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ လူသားချင်းစာနာမှုပါဝင်ဆောင်ရွက်သူများအနေဖြင့် ဥပဒေနှင့်

ပြိစွန်းသည့် ကလေးသူငယ်များ၏ အမှုများတွင် ဝင်ရောက်ကူညီပေးရန် လိုက်လျောညီထွေဆောင်ရွက်နိုင်ခြင်းမရှိပါ။ CP AoR သည် ဤအပိုင်းတွင် ကူညီပေးမည့် အဆင့်မြင့်အစီအမံလုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပြီး တချိန်တည်းတွင် ကလေးသူငယ်ရာဇဝတ်မှုများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားပါမည်။

## အခြေခံသဘောတရားများ

CP AoR သည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများ (၂၀၁၉ ခုနှစ်)[30] တွင် ဖော်ပြထားသည့် အခြေခံစည်းမျဉ်းများကို စွဲမြဲလိုက်နာပါသည်။ ထို့အပြင် CP AoR က ဆောင်ရွက်သည့် လုပ်ငန်းအားလုံးတွင် အောက်ပါအခြေခံစည်းမျဉ်းများကိုလည်း လေးစားလိုက်နာပါသည် -




## ကာကွယ်စောင့်ရှောက်ရေးကို ဗဟိုပြုခြင်း

ကာကွယ်စောင့်ရှောက်ရေးသည် လူသားချင်းစာနာမှုလုပ်ငန်းအားလုံး၏ ရည်ရွယ်ချက်ဖြစ်ပြီး၊ ရည်မှန်းထားသည့် အကျိုးရလဒ်လည်းဖြစ်သည်။ ချက်ချင်းဆောင်ရွက်ရမည့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်သည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းစဉ်တစ်လျှောက်လုံးနှင့် နောက်ပိုင်းလုပ်ငန်းများအတွက် အချက်အချာဖြစ်သည်။ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူအားလုံးတို့သည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အန္တရာယ်ကြုံတွေ့နေသည့် ဘေးဒဏ်ခံပြည်သူများ၏ ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်များဖြင့် လုပ်ငန်းများကို အသိပေးလမ်းညွှန်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာရလဒ်များ ရရှိစေရေးကို ပါဝင်ကူညီရန် တာဝန်ရှိသည်။ ထိုကတိကဝတ်များတွင် ကလေးသူငယ်များ၊ ကလေးသူငယ်များ၏

[30] CPMS https://www.myanmarchildprotection.com/child-protection-minimum-standards စာမျက်နှာ ၃၉ မှ ၄၇ အထိ။


ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သီးသန့်လိုအပ်ချက်များ၊ ကလေးသူငယ်များ ရင်ဆိုင်နေရသည့် ထူးခြားသော ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များလည်း ပါဝင်သည်။ CP AoR သည် ကလေးသူငယ်များနှင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရေးကို မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်း၏ ဗဟိုအချက်အချာနေရာတွင် ထားရှိကြောင်းနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို အသက်ကယ်ဆယ်ရေးလုပ်ငန်းအဖြစ် အသိအမှတ်ပြုပြီး၊ ဦးစားပေးဆောင်ရွက်ကြောင်းသေချာစေရန်လည်းကောင်း၊ ဤလုပ်ငန်းများအား တိုက်တွန်းလှုံ့ဆော်ပေးရန် အတွက်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍမှ ပူးတွဲလုပ်ကိုင်သူများ၊ ကာကွယ်စောင့်ရှောက်ရေး မဟုတ်သည့် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွဲလုပ်ဆောင်ပါမည်။

**ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံယူခြင်း (AAP) နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း (PSEA)**

လူသားချင်းစာနာမှုလုပ်ငန်းတွင် ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံယူခြင်းဆိုင်ရာ IASC ၏ ကတိကဝတ်များ နှင့်အညီ CP AoR သည် ကလေးသူငယ်များနှင့် ကလေးသူငယ်များ၏ ပူးပေါင်းပါဝင်မှုကို CP လုပ်ငန်း၏ ရှုထောင့်အားလုံးတွင် ပေါင်းစည်းထည့်သွင်းခြင်းအားဖြင့် ကလေးသူငယ်များအပေါ် တာဝန်ခံယူမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ပါမည်။ မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုအသိုက်အဝန်းသည် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကလေးသူငယ်များအား ထိခိုက်နစ်နာမှုမဖြစ်စေရန် ဘေးကင်းလုံခြုံစေခြင်း၊ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ ကာကွယ်ပေးခြင်းတို့တွင် ပါဝင်ကူညီရန် တာဝန်ရှိပါသည်။ တိုင်ကြားခြင်းနှင့် အကြံပြုချက်ပေးခြင်း လုပ်ငန်းစဉ်များ၊ အကူအညီနောက်ပိုင်း စောင့်ကြည့်စစ်ဆေးခြင်း၊ ဒုက္ခသည်ကာကွယ်ပေးရေး လုပ်ထုံးလုပ်နည်းများ၊ လွှဲပြောင်းပေးရေးလမ်းကြောင်းများ အပါအဝင် တာဝန်ခံယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အားလုံးသည် ကလေးသူငယ်များနှင့် သင့်တော်ပြီး၊ ကလေးသူငယ်များက လက်လှမ်းမီအသုံးပြုနိုင်ရမည်ဖြစ်သည်။ CP AoR သည် လူသားချင်းစာနာမှု ပါဝင်ဆောင်ရွက်သူအားလုံးအတွက် တိုင်ကြားခြင်းနှင့် အကြံချက်ပေးခြင်း လုပ်ငန်းစဉ်များအား ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်ရေးဆိုင်ရာ လမ်းညွှန်ချက်/ အချက်အလက်သတင်းလွှာ တစ်စောင်ကို ရေးသားထုတ်ဝေထားပါသည်။ CP AoR သည် စီမံကိန်း ဘဝစက်ဝန်း၏ အဆင့်အားလုံးတွင် ကလေးသူငယ်များ၊ ပြုစုစောင့်ရှောက်သူများနှင့် ရပ်ရွာပြည်သူများက တက်ကြွစွာဖြင့် လက်တွဲပါဝင်ပြီး စီမံကိန်းလုပ်ငန်းများတွင် ၎င်းတို့၏ တန်ဖိုးရှိသော အကြံပြုချက်များကို ထောက်ပံ့ပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေသည်။ ထို့အပြင် CP AoR သည် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ ကာကွယ်ပေးရန်နှင့် တုံ့ပြန်ကူညီပေးရန်အတွက် မြန်မာနိုင်ငံရှိ PSEA ကွန်ရက်နှင့်လည်းကောင်း၊ သီးသန့်လုပ်ငန်းများနှင့်လည်းကောင်း တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် PSEA ကို မြှင့်တင်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပါသည်။

## ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်း (Localization)

ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုတုံ့ပြန်လုပ်ငန်းအတွက် ကတိကဝတ် တစ်ခုဖြစ်ပြီး၊ CP AoR သည် ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းလုပ်ငန်းကို တက်ကြွစွာဖြင့် ရှေ့ဆက် ဆောင်ရွက်နေသည်။ CP AoR ၏ ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဒေသအလိုက် ကိုက်ညီအောင်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (Localization Working Group) က ဦးဆောင်သည်။ ဤလုပ်ငန်းအဖွဲ့တွင် ပြည်တွင်းနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ CP AoR သည် လုပ်ငန်းအကျဉ်းချုပ်တင်ပြချက် (Localization Dashboard) တစ်ခုကို တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ပြန်ပေးနေပြီး၊ ယင်းလုပ်ငန်းအကျဉ်းချုပ်သည် CP AoR ၏ ပြည်တွင်းနှင့် နိုင်ငံတကာမိတ်ဖက်များက ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ပါဝင်ကူညီနေသည့်နည်းလမ်းများ၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် လွှမ်းမိုးသည့် နည်းလမ်းများ၊ အဖွဲ့များအတွင်းတွင် လုပ်ပိုင်ခွင့်အား မျှဝေသည့်နည်းလမ်းများ စသည်တို့အပါအဝင် ဒေသအလိုက်ကိုက်ညီအောင်ဆောင်ရွက်ခြင်းနည်းလမ်းများ ပိုမိုခိုင်မာအားကောင်းစေရေးအတွက် တက်ကြွစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့အား လမ်းညွှန်ပေးသည်။




## အဓိပ္ပါယ်ပြည့်ဝ၍ အားလုံးပါဝင်သော ပူးပေါင်းပါဝင်မှုနှင့် လက်တွဲဆောင်ရွက်မှု

စီမံကိန်းစက်ဝန်း၏ အဆင့်အားလုံးတွင် အသက်အရွယ်၊ ကျား၊မ၊ စွမ်းဆောင်ရည်နှင့် နောက်ခံအကြောင်းအမျိုးမျိုးရှိနေသည့် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်အရွယ်များက အားလုံးပါဝင်၍ အဓိပ္ပါယ်ပြည့်ဝစွာ လက်တွဲဆောင်ရွက်နိုင်ရေးအတွက် ကလေးသူငယ်များက ၎င်းတို့၏ အခွင့်အရေးများ၊ စွမ်းဆောင်ရည်များနှင့် အလားအလာတို့ကို အပြည့်အဝနားလည်သဘောပေါက်ထားရန် လိုအပ်ပါသည်။ CP AoR နှင့် မိတ်ဖက်အဖွဲ့များသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစီမံကိန်းစက်ဝန်း၏ အဆင့်အားလုံးတွင် ကလေးသူငယ်များက အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ပူးပေါင်းပါဝင်စေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ CP AoR နှင့် ပူးပေါင်းဆောင်ရွက်နေသူများ၊ အခြားကဏ္ဍများမှ မိတ်ဖက်အဖွဲ့များကိုလည်း ယင်းသို့ လုပ်ဆောင်ရန် တိုက်တွန်းအားပေးပါမည်။ တချိန်တည်းတွင်

လူသားချင်းစာနာမှုအစီအစဉ်ရေးဆွဲရာ၌ ကလေးသူငယ်များ ဘေးကင်းလုံခြုံ၍ ကျင့်ဝတ်နှင့်ညီစွာ ပူးပေါင်းပါဝင်ရေးကို ကူညီပေးနိုင်မည့် စွမ်းဆောင်ရည်များကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ပါမည်။ ကလေးသူငယ်များ ပူးပေါင်းပါဝင်မှုသည် CP AoR က လုပ်ငန်းများ အကောင်အထည်ဖော်နေစဉ်တစ်လျှောက်လုံး ကျင့်သုံးရမည့် အဓိကအခြေခံသဘောတရားတစ်ခု ဖြစ်သည်သာမက ယခုမဟာဗျူဟာတွင် ပါဝင်သည့် လုပ်ငန်းအားလုံးတွင်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရေး၊ ကြိုတင် ကာကွယ်ရေးနှင့် တုံ့ပြန်ရေးနည်းစနစ်တစ်ခုအနေဖြင့်လည်းကောင်း စွဲမြဲစွာ ပါဝင်ထည့်သွင်းထားမည် ဖြစ်သည်။

ထို့အပြင် CP AoR သည် ၂၀၂၅ ခုနှစ်တွင် မသန်စွမ်းသူအားလုံးပါဝင်စေရေးကိုလည်း တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပါမည်။ CP AoR သည် မိတ်ဖက်အဖွဲ့များအတွက် **မသန်စွမ်းသူအားလုံးပါဝင်စေရေးဆိုင်ရာ အချက်အလက်သတင်းလွှာ**ကို ပြုစုထုတ်ဝေထားပြီး၊ ၂၀၂၅ ခုနှစ်အတွင်းတွင် စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်ပါမည်။ CP AoR အတွင်းတွင် မသန်စွမ်းသူအားလုံးပါဝင်စေရေးလမ်းညွှန်ကော်မတီကို ဖွဲ့စည်းထားရှိပြီး၊ မသန်စွမ်းသူများ အားလုံး ပိုမိုပါဝင်စေရေးကို အာရုံစိုက်၍ မိတ်ဖက်အဖွဲ့များအား ကူညီပေးသွားမည်ဖြစ်သည်။

ကျားမအားလုံးပါဝင်မှုသည်လည်း အဓိပ္ပါယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်ရေးအတွက် အရေးကြီးပါသည်။ CP AoR တွင် တက်ကြွစွာလုပ်ငန်းဆောင်ရွက်နေသော **ကျား/မရေးရာလမ်းညွှန်ကော်မတီ**တစ်ရပ်ရှိထားပြီး၊ ယင်းလမ်းညွှန်ကော်မတီက CP စီမံကိန်းဆောင်ရွက်သည့် ရှုထောင့်အားလုံးတွင် ကျား/မတန်းတူညီမျှမှုကို အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ဖော်ထုတ်ဖြေရှင်းရာတွင် မိတ်ဖက်အဖွဲ့များအား ကူညီပေးနိုင်ရေးအတွက် UN Women အဖွဲ့က အထောက်အကူပြုလျက်ရှိသည်။

## မဟာဗျူဟာရည်ရွယ်ချက်များ

၁။ အကြမ်းဖက်မှုကို တွေ့ကြုံရသည့် ကလေးသူငယ်များသည် ပြန်လည်ထူထောင်နိုင်စွမ်းနှင့် ဖွံ့ဖြိုးနိုင်စွမ်းရှိစေမည့် အားလုံးပါဝင်သော၊ ကျားမရေးရာထိရှလွယ်စွာစဉ်းစားထားသော၊ အသက်အရွယ်အားလုံးအတွက် သင့်တော်သော၊ ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သော ဝန်ဆောင်မှုများမှတဆင့် သေချာစွာပြင်ဆင်ထားသော အကူအညီများကို လက်ခံရရှိစေရန်။

၂။ ကလေးသူငယ်များ၊ ၎င်းတို့၏ မိသားစုများ၊ ရပ်ရွာပြည်သူများက ၎င်းတို့ကိုယ်တိုင် ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိပြီး၊ လုပ်ပိုင်ခွင့်ရှိသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပတ်ဝန်းကျင်နှင့် ကြံ့ကြံ့ခံနိုင်မှု ခိုင်မာအားကောင်းစေရန် - ရပ်ရွာပြည်သူများက ကလေးသူငယ်များအား ထိခိုက်နစ်နာစေသည့် လူမှုရေးရာနှင့် ကျားမရေးရာစံနှုန်းများကို စိန်ခေါ်ပြောင်းလဲနိုင်စွမ်းရှိပြီး

ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင် တစ်ခုကို တည်ဆောက်ပေးခြင်းဖြင့် မတူကွဲပြားသည့် ကလေးသူငယ်များအားလုံးကို ကူညီပေးရမည်။

၃။ လူသားချင်းစာနာမှုလုပ်ငန်းများတွင် ကလေးသူငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ကောင်းမွန်စွာ နေထိုင်နိုင်ရေးကို ဗဟိုပြုစေရန်အတွက် လူသားချင်းစာနာမှုအသိုက်အဝန်းကို တိုက်တွန်းလှုံ့ဆော်ရန်။

အခြေအနေများမှာ အမြဲပြောင်းလဲဖြစ်ပေါ်နေသည့်အတွက် ဤမဟာဗျူဟာ၏ လျာထားချက်များ၊ တည်နေရာလွှမ်းခြုံမှုနှင့် လူဦးရေအုပ်စုများအပါအဝင် မဟာဗျူဟာရည်ရွယ်ချက်များကို ၂၀၂၅ ခုနှစ် လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက် (HNRP)[31] တွင် ထပ်မံ၍ ထည့်သွင်းဖော်ပြပါမည်။ ၂၀၂၄ ခုနှစ်အတွက် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံအတွက် ၂၀၂၄ ခုနှစ် HNRP တွင် ကြည့်နိုင်ပါသည်။ သို့ရာတွင် ဤမဟာဗျူဟာ၏ ရည်ရွယ်ချက်အရ CP AoR ၏ မိတ်ဖက်အဖွဲ့များသည် IDPs များ၊ နေရပ်ပြန်သူများ၊ နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများ၊ အခြားသော အကျပ်အတည်းများကြောင့် ထိခိုက်ခံရသည့် ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအား ဖြန့်ကြက်ကူညီရန် ရည်ရွယ်ထားပါသည်။ အောက်တွင် ဖော်ပြထားသည့် မဟာဗျူဟာနည်းလမ်းများအားလုံးသည် ဤရည်ရွယ်ချက်များကို ရရှိစေရန် ရည်ရွယ်သည်။

မဟာဗျူဟာဦးစားပေးလုပ်ငန်းတစ်ခုချင်းအတွက် ညွှန်းကိန်းများနှင့် စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းအတွက် လမ်းညွှန်ချက်များအားလုံးကို ၂၀၂၄ ခုနှစ် HNRP နှင့်ကိုက်ညီအောင် စုစည်းထားခြင်းဖြစ်ပြီး၊ ၂၀၂၅ ခုနှစ်တွင် ပြန်လည်သုံးသပ်ပြင်ဆင်မည်ဖြစ်သည် (စောင့်ကြည့်စစ်ဆေးခြင်းအပိုင်းတွင် အောက်တွင်ကြည့်ပါ)။


**မဟာဗျူဟာနည်းလမ်းများ**

မြန်မာနိုင်ငံ CP AoR သည် အထက်တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များအား ရရှိစေရေးအတွက် လွှမ်းခြုံဆောင်ရွက်မည့် နည်းလမ်း သို့မဟုတ် လုပ်ငန်းအုပ်စုအချို့ကို သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်သည်။ CP AoR အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် နည်းလမ်းများစွာရှိသည့်အနက် မြန်မာနိုင်ငံ၏ CP AoR က ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ခဲ့သည်။

ဤဦးစားပေးနည်းလမ်းများကို သတ်မှတ်ရာတွင် (ကလေးသူငယ်) တစ်ဦးချင်း၊ မိသားစု၊ ရပ်ရွာပြည်သူနှင့် လူမှုအသိုင်းအဝိုင်းဟူသော အဆင့် (၄) မျိုးလုံးတွင် ပုဂ္ဂိုလ်ရေးနှင့် ပတ်ဝန်းကျင်အချက်များအကြား အပြန်အလှန်ဆက်နွယ်မှုများကိုလည်းကောင်း၊ ယင်းအချက်များက မည်သို့ အပြန်အလှန်ဆက်နွယ်ပြီး၊ အန္တရာယ်များနှင့် ကာကွယ်စောင့်ရှောက်ရေးအပေါ် မည်သို့ လွှမ်းမိုးသည်ကိုလည်းကောင်း၊ ဆက်လက်၍ ကလေးသူငယ်၏ ဖွံ့ဖြိုးရေးနှင့် ကောင်းမွန်စွာနေထိုင်နိုင်ရေးအပေါ် မည်သို့ လွှမ်းမိုးသက်ရောက်သည်ကို လည်းကောင်း ထည့်သွင်းစဉ်းစားထားသည့် လူမှုဂေဟစနစ်ဆိုင်ရာ စံပြုပုံစံ (၂၀၁၉ ခုနှစ်

[31] Humanitarian Needs and Response Plan, Myanmar

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများ) ဖြင့် လမ်းညွှန်ပါသည်။ CP AoR သည် လက်ရှိ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များကို **တုံ့ပြန်ကူညီပေးမည့်**အပြင်၊ ကလေးသူငယ်များအပေါ် ထိခိုက်နစ်နာမှုများနှင့် အန္တရာယ်များကို **ကြိုတင်ကာကွယ်ပေးရန်**လည်း ညီမျှစွာ ဦးတည်ဆောင်ရွက်ပါမည်။




ဤမဟာဗျူဟာအား အကောင်အထည်ဖော်ရန်နှင့် ဦးစားပေးလုပ်ငန်းများအား ချိတ်ဆက်ဆောင်ရွက်ရန်အတွက် နည်းလမ်းများနှင့် လုပ်ငန်းများအား အပြန်အလှန်ချိတ်ဆက်၍ ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေအရ အထက်တွင် ဖော်ပြထားသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များကို ဖော်ထုတ်ဖြေရှင်းရာတွင် အားလုံးလွှမ်းခြုံပါဝင်သောနည်းလမ်းဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ စနစ်အများစုတို့သည် ပြိုကွဲလွယ်ပြီး၊ ကလေးသူငယ်များနှင့် မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လည်ပတ်ဆောင်ရွက်နေခြင်း မရှိကြပါ။ CP AoR သည် ရပ်ရွာအခြေပြုစနစ်များအား ခိုင်မာအားကောင်းအောင်လုပ်ဆောင်ရန်နှင့် ပုံစံတကျစနစ်များက ပို၍ အလုပ်ဖြစ်လာသည့်အချိန်တွင် ယင်းတို့နှင့် ချိတ်ဆက်နိုင်ရေးအတွက် အခြေခံအဆင့်များကို ထောက်ပံ့ပေးမည်ဟု စဉ်းစားထားသည်။ ရပ်ရွာပြည်သူများနှင့် (ဥပမာအားဖြင့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုကဲ့သို့သော) မြို့နယ်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံအဆင့်တို့ရှိ ဝန်ဆောင်မှုပေးသူများအကြားတွင် အပြန်အလှန်ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းစေရန်နှင့် ဆက်လက်၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို ပိုမိုခိုင်မာအားကောင်းစေရန်အတွက် CP AoR က ရပ်ရွာပြည်သူများနှင့် လက်တွဲလုပ်ဆောင်ပါမည်။

## မဟာဗျူဟာနည်းလမ်းအလိုက် ဦးစားပေးလုပ်ငန်းများ

ယခုမဟာဗျူဟာစာတမ်းသည် CP AoR ၏ လုပ်ငန်းများကို အပြည့်အစုံခွဲခြားဖော်ပြထားခြင်းမရှိသော်လည်း၊ အထက်ပါရည်ရွယ်ချက်များကို ရရှိစေရေးအတွက် CP AoR က ကြိုးပမ်းဆောင်ရွက်မည့် အဓိကလုပ်ငန်းအုပ်စုများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်တွင် CP AoR

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် မဟာဗျူဟာအကြံပေးအဖွဲ့ (SAG) တို့က လုပ်ငန်းတစ်ခုချင်းအလိုက် အကျဉ်းချုပ် လမ်းညွှန်ချက်မှတ်စုများကို ရေးဆွဲထုတ်ပြန်ပါမည်။ လုပ်ငန်းတစ်ခုချင်းစီ၏ တိုးတက်မှုကိုလည်း HNRP ၏ လုပ်ငန်းအကျဉ်းချုပ်တင်ပြချက် (HNRP dashboard) မှတဆင့် သုံးလတစ်ကြိမ် စောင့်ကြည့်စစ်ဆေးသွားမည် ဖြစ်သည်။

**အမှုစီမံခန့်ခွဲရေး (Case Management)**

အရည်အသွေးရှိသော အမှုစီမံခန့်ခွဲရေး[32]အတွက် ရေရှည်တည်တံ့၍ အားကိုးရလောက်သော နည်းလမ်းဖြင့် အချိန်နှင့်တပြေးညီပေးအပ်သော၊ ပေါင်းစပ်ညှိနှိုင်းထားသော၊ စုစည်းဆောင်ရွက်သော၊ ကဏ္ဍများစွာပါဝင်သော အကူအညီများကို လိုအပ်ပါသည်။ အမှုစီမံခန့်ခွဲရေးသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ်၏ ရှုထောင့်အမျိုးမျိုးနှင့် ဆက်စပ်နေပြီး၊ အရင်းအမြစ်များ၊ ဝန်ဆောင်မှုများအား တည်ငြိမ်စွာဖြင့် တသမတ်တည်း ရရှိနေရန် လိုအပ်ပါသည်။ အန္တရာယ်ရှိနေသည့် သို့မဟုတ် ထိခိုက်နစ်နာမှု ကြုံတွေ့ခဲ့ရသည့် ကလေးသူငယ်များ၏ ရှုပ်ထွေးသော တစ်ဦးချင်းလိုအပ်ချက်များကို ဖြေရှင်းပေးသည့် နည်းလမ်းတစ်ခုအဖြစ် အမှုစီမံခန့်ခွဲရေးအကူအညီကို ပေးအပ်ခြင်းသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ပါဝင်ဆောင်ရွက်သူများက **အမှုစီမံခန့်ခွဲရေးအထူးလုပ်ငန်းအဖွဲ့ (CMTF)** နှင့် ချိတ်ဆက်၍ ဆောင်ရွက်ရမည့် အဓိကနယ်ပယ်တစ်ခုဖြစ်သည်။ အမှုစီမံခန့်ခွဲရေးလုပ်ငန်းသည် အရင်းအမြစ်များစွာသုံးစွဲရသည့်[33] အသက်ကယ်ဆယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတစ်ဝှမ်းမှ ကလေးသူငယ်များစွာတို့အား အမှုစီမံခန့်ခွဲရေးအကူအညီများကို အရှိန်မြှင့်တင်ပေးအပ်နိုင်ရေးအတွက် ရန်ပုံငွေပိုမိုရရှိရန် လိုအပ်သည်။ လက်ရှိတွင် ပါဝင်ဆောင်ရွက်သူများသည် အမှုစီမံခန့်ခွဲရေးကို အလုံးစုံထောက်ပံ့ပေးနိုင်ရန်အတွက် ရန်ပုံငွေမလုံလောက်ကြပါ။

- CMTF သည် **အမှုစီမံခန့်ခွဲရေးနည်းလမ်းများကို ချိန်ညှိရန်** လုပ်ဆောင်နေသည်။ CP AoR အဖွဲ့ဝင်အားလုံးသည် CMTF ၏ အစိတ်အပိုင်းဖြစ်ရန် လိုအပ်ပြီး၊ CMTF က သင်တန်းနှင့် အကူအညီများကို လုံလောက်စွာ ထောက်ပံ့ပေးပါမည်။
- CP AoR သည် CPIMS+[34] အပါအဝင် ဘေးကင်းလုံခြုံသော **သတင်းအချက်အလက် စီမံခန့်ခွဲရေး**စနစ်များကို ပိုမိုမြှင့်တင်အသုံးပြုရန် ရည်ရွယ်ထားပြီး၊ မြန်မာနိုင်ငံတွင် အမှုစီမံခန့်ခွဲရေးလုပ်ငန်း ခိုင်မာအားကောင်းစေရေးအတွက် **CMTF** ကို ထောက်ပံ့ပါသည်။

---

[32] CPMS 2019 ၏ စံချိန်စံညွှန်းအမှတ် (၁၈) ကို ကြည့်ပါ။

[33] ကံမကောင်းသည်မှာ HNRP ပါ အချက်အလက်များအရ၊ ရန်ပုံငွေ ထောက်ပံ့မှု မလုံလောက်ပါ (လိုအပ်သည့် ရန်ပုံငွေ၏ ၂၅% ကိုသာ ရရှိထားသည်)။ CP AoR သည် ကူညီပေးရမည့် လူဦးရေအုပ်စုများကို ဦးစားပေးအဖြစ်မှ ပယ်ဖျက်မည်မဟုတ်ပါ၊ သို့သော် အရင်းအမြစ်များစွာအသုံးပြုရသည့် အမှုစီမံခန့်ခွဲရေးကဲ့သို့သော လုပ်ငန်းများကိုမူ ဦးစားပေးမှု နည်းပါမည် (၂၀၂၄ ခုနှစ် HNRP တွင် ကြည့်ပါ)။

[34] 34 Case Management Information Management System (Primero)

- ရန်ပုံငွေလုံလောက်စွာ ရရှိပါက၊ CP AoR နှင့် CMTF တို့သည် ၂၀၂၅ ခုနှစ်တွင် အမှုစီမံခန့်ခွဲရေးဆိုင်ရာ လူကိုင်တိုင်**သင်တန်း**များနှင့် အွန်လိုင်းမွမ်းမံသင်တန်းများကိုလည်းကောင်း၊ အနီးကပ်ကြီးကြပ်၍ လမ်းညွှန်ပေးခြင်းပေးခြင်းကိုလည်းကောင်း ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး၊ (အမှုစီမံခန့်ခွဲရေးဟူသော) ဤအသက်ကယ်ဆယ်ရေးဝန်ဆောင်မှု၏ အရည်အသွေးတိုးတက်စေရေးနှင့် အရှိန်မြင့်တင် ဆောင်ရွက်နိုင်ရေးကို ပံ့ပိုးကူညီပေးရန် ဦးတည်ပါမည်။
- အမှုစီမံခန့်ခွဲရေးလုပ်ငန်းကို ရေရှည်ပိုမိုတည်တံ့စေရေးနှင့် အမှုစီမံခန့်ခွဲရေး၏ အရေးကြီးသော အစိတ်အပိုင်းများကို ကူညီပေးရေးအတွက် **ရပ်ရွာပြည်သူများနှင့် လက်တွဲဆောင်ရွက်ခြင်း**သည် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည်ဟု စဉ်းစားပါသည်။ ရပ်ရွာခေါင်းဆောင်များ၊ စေတနာ့ဝန်ထမ်းများနှင့် အဖွဲ့များသည် **အမှုဖြစ်ရပ်များအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် လွှဲပြောင်းပေးခြင်းတို့ထက်ကျော်လွန်၍** အမှုမဖြစ်ပေါ်မီ အန္တရာယ်ဖြစ်နိုင်ခြေများကို သတ်မှတ်ဖော်ထုတ်၍ အကဲဖြတ်ဆန်းစစ်ခြင်း၊ ရပ်ရွာအသိုင်းအဝိုင်းတွင် ရှိထားပြီးဖြစ်သည့် ကြိုတင်ကာကွယ်ရေးအချက်များကို ခိုင်မာအားကောင်းစေခြင်းတို့ဖြင့် ထိခိုက်နစ်နာမှုများကို ကြိုတင်တားဆီးကာကွယ်ရာတွင် အခြေခံကျပါသည်။
- CP AoR သည် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းနှင့် ဆက်စပ်စာရွက်စာတမ်းများ ထောက်ပံ့ပေးခြင်းအားဖြင့် အမှုကိုင်တွယ်သူများက **လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် ထိခိုက်ခံရသည့် ကလေးသူငယ်များ၏ အမှုများကို** ဖြေရှင်းပေးရာတွင် သို့မဟုတ် **လွှဲပြောင်းပေးရာတွင်** စွမ်းဆောင်ရည် လုံလောက်စွာ ရှိစေရေးအတွက် GBV AoR နှင့် အမှုစီမံခန့်ခွဲရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ (CMTF) တို့နှင့် အနီးကပ်ပူးပေါင်းလုပ်ဆောင်ပါမည်။

၂၀၂၅ ခုနှစ်တွင် CP AoR နှင့် မိတ်ဖက်အဖွဲ့များသည် အမှုစီမံခန့်ခွဲရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ (CMTF) နှင့် အတူ အောက်ပါတို့ကိုလည်း ဆောင်ရွက်ပါမည် -

- အမှုသတ်မှတ်ဖော်ထုတ်ခြင်းနှင့် လွှဲပြောင်းပေးခြင်းတို့ အပါအဝင် အခြားကဏ္ဍများမှ လွှဲပြောင်းပေးမှုများကို ခိုင်မာအားကောင်းစေခြင်း။
- ရွေ့လျားအဖွဲ့များနှင့် ယင်းအဖွဲ့များ၏ အမှုသတ်မှတ်ဖော်ထုတ်နိုင်စွမ်းနှင့် လွှဲပြောင်းပေးအပ်နိုင်စွမ်းကို တိုးတက်စေခြင်း။
- မြန်မာနိုင်ငံတဝှမ်းလုံးမှ ကလေးသူငယ်များက အမှုစီမံခန့်ခွဲရေးဝန်ဆောင်မှုများကို ပိုမိုရရှိနိုင်ရေးအတွက် နည်းစနစ်အသစ်များကို စူးစမ်းရှာဖွေခြင်း။

## စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ အကူအညီ

မြန်မာနိုင်ငံ၏ မတည်ငြိမ်သော အခြေအနေအရ စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာအကူအညီ (MHPSS) ကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအောက်ရှိ မြေပြင်တုံ့ပြန်ဆောင်ရွက်သူများက အမှုစီမံခန့်ခွဲသူများ၊ လူမှုရေးလုပ်သားများ၊ စေတနာ့ဝန်ထမ်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာလုပ်သားများပါဝင်စေလျှက်

**စည်းမျဉ်းပေါင်းစုံပါဝင်သည့်** နည်းလမ်းများဖြင့် ဦးစားပေးဆောင်ရွက်သင့်ကြောင်း ဖော်ပြနေပါသည်။ စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာအကူအညီလုပ်ငန်းများသည် ကလေးသူငယ်များ၏ တိုးမြင့်လာသော ထိခိုက်လွယ်မှုကို လျှော့ချပေးရန် ကူညီပေးပြီး၊ ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေးနိုင်သည့်အပြင် စိတ်ဖိစီးမှုရှိနေသည့် ပြုစုစောင့်ရှောက်သူများ၏ စိတ်ကျန်းမာရေးအခြေအနေကို မြှင့်တင်ပေးကာ ရေရှည်အကျိုးမရှိသည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများအား ကျင့်သုံးခြင်းကို ကူညီလျှော့ချပေးနိုင်သည့်အတွက် အရေးကြီးပါသည်။ CP AoR သည် **MHPSS ပိရမစ်ပုံ**၏ အဆင့်အားလုံးကို ဖြေရှင်းရာတွင် မိတ်ဖက်အဖွဲ့များအား ကူညီပေးရန် ရည်ရွယ်ထားသည်။ MHPSS အောက်တွင် အောက်ပါအဓိကလုပ်ငန်းများ ပါဝင်ကြသည် -

- စိတ္တလူမှုဆိုင်ရာ ကောင်းမွန်စွာနေထိုင်နိုင်ရေးလုပ်ငန်းများကို **တစ်ဦးချင်းနှင့် အုပ်စုလိုက်သို့** ထောက်ပံ့ပေးခြင်း။
- **ကလေးသူငယ်အကျိုးပြုနေရာများနှင့် အပန်းဖြေလှုပ်ရှားမှု**များသည် အုပ်စုလိုက် MHPSS လုပ်ငန်းများအတွက် အဓိက ကနဦးလုပ်ငန်းတစ်ခုဖြစ်သည်။[35]
- ပြုစုစောင့်ရှောက်သူများအား MHPSS ထောက်ပံ့ပေးခြင်း၊ **အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှု နည်းလမ်း**နှင့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို **မြှင့်တင်ပေးခြင်း**။
- ပိုမိုတိုးတက်သော MHPSS လုပ်ငန်းအတွက် **အဓိကပစ္စည်းများ**ကို ဖော်ထုတ်ခြင်းနှင့် ဖြန့်ဝေပေးခြင်း။
- CP AoR မိတ်ဖက်အဖွဲ့အများစုသည် MHPSS ပိရမစ်ပုံ၏ အဆင့် (၄) ဖြစ်သည့် အထူးပြု MHPSS အကူအညီများကို မထောက်ပံ့ပေးနိုင်ပါက၊ **အထူးပြုဝန်ဆောင်မှုလိုအပ်နေသည့် အမှုများကို လွှဲပြောင်းပေးခြင်း** - (အထက်တွင်ဖော်ပြထားသည့်) အမှုစီမံခန့်ခွဲရေးသည် CP AoR မိတ်ဖက်အဖွဲ့များက ထောက်ပံ့ပေးနေသည့် အဆင့် (၄) ဝန်ဆောင်မှုတစ်ခုဖြစ်သည်။
- MHPSS ဝန်ဆောင်မှုများသည် ကလေးသူငယ်များ၏ စိတ္တလူမှုဆိုင်ရာကောင်းမွန်စွာနေထိုင်နိုင်ရေးတွင် ရှိနေသည့် ကွာဟချက်များကို ပေါင်းကူးပေးရန် အကူအညီပေးရာ၌ အဓိက အစမှတ်များ ဖြစ်ကြသည့်အတွက် MHPSS လုပ်ငန်းများကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်၍ ပေါင်းစည်းထည့်သွင်းခြင်း။
- ထို့အပြင် CP AoR သည် ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများကို ထိရောက်စွာ လက်လှမ်းမီ ကူညီပေးနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေး/အာဟာရ၊ ပညာရေး စသည်တို့ ပါဝင်နေသည့် ကဏ္ဍစုံပေါင်းစည်းဆောင်ရွက်မှုများမှတဆင့် အကူအညီများကို တိုးချဲ့ပေးအပ်ရန် ကြိုးပမ်းသွားပါမည်။

[35] CPMS ၏ စံချိန်စံညွှန်းအမှတ် (၁၅) ကို ကြည့်ပါ။

၂၀၂၅ ခုနှစ်တွင် CP AoR သည် မိတ်ဖက်အဖွဲ့များနှင့်အတူ ဥပမာအားဖြင့် အကောင်းဆုံးအလေ့အထများ၊ နည်းလမ်းများ၊ အရင်းအမြစ်များကို မျှဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျှက် မိတ်ဖက်အဖွဲ့များ၏ MHPSS ထောက်ပံ့ပေးနိုင်မည့် စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေရန် ကူညီပေးပါမည်။

## ရပ်ရွာအဆင့်တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CLCP)

မိသားစုများနှင့် ရပ်ရွာပြည်သူများသည် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ပေးသည့် ပထမဆုံးသော အလွှာပင်ဖြစ်သည်။ CP AoR သည် သမားရိုးကျ "ရပ်ရွာလူထုအခြေခံသည့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး" မှသည် ရပ်ရွာလူထုက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအပေါ် ပိုင်ရှင်ဖြစ်မှု ပိုမိုပါဝင်ပြီး အောက်ခြေမှအပေါ်သို့သွားသည့် နည်းလမ်းဆီသို့ တက်ကြွစွာဖြင့် ပြောင်းလဲနေပါသည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတွင် ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထု၏ ဦးဆောင်မှုတို့သည် ပိုင်ရှင်ဖြစ်မှုကို ခိုင်မာအားကောင်းစေပြီး ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံယူမှု တိုးတက်စေရေးအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဒေသခံအသိပညာနှင့် နားလည်မှုတို့ အပေါ်တွင် တည်ဆောက်ထားခြင်းကြောင့် ရေရှည်တည်တံ့သော နည်းလမ်းများအတွက် မရှိမဖြစ် အရေးကြီးပါသည်။ ဤသို့ လက်တွဲဆောင်ရွက်မှုကို အထိရောက်ဆုံးဖြစ်စေရေးအတွက် ကျားမ၊ စွမ်းဆောင်ရည်နှင့် နောက်ခံအမျိုးမျိုးရှိနေသည့် ရပ်ရွာပြည်သူများက ကျယ်ပြန့်စွာဖြင့် **အားလုံးပါဝင်**ကြရမည် ဖြစ်သည်။ ဦးဆောင်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင်လည်း **ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များကိုယ်တိုင်** ချိတ်ဆက်ပါဝင်ရပါမည်။

> CP AoR သည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအတွက် **CLCP ဆိုင်ရာ အထူးအချက်အလက်သတင်းလွှာ**တစ်စောင်ကို ရေးသားထားသည်။ ယင်းသတင်းလွှာတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်သူများအတွက် ရပ်ရွာလူထုအခြေပြုသည့် CBCP မှ ရပ်ရွာအဆင့် CLCP သို့ ပြောင်းလဲရန် လမ်းညွှန်ချက်များကို ထောက်ပံ့ပေးထားသည်။ CP AoR သည် CLCP သို့ ပြောင်းလဲဆောင်ရွက်မည့် မိတ်ဖက်အဖွဲ့များအတွက် အွန်လိုင်းသင်တန်းတစ်ခုကိုလည်း ပံ့ပိုးကူညီပေးထားသည်။ ထို့အပြင် CP AoR အတွင်းတွင် ဖွဲ့စည်းထားသည့် **CLCP လုပ်ငန်းအဖွဲ့**ကလည်း ကလေးသူငယ် ကာ ကွယ်စောင့်ရှောက်ရေးဆိုသည်မှာ အားလုံးမျှဝေထမ်းဆောင်ရမည့် တာဝန်တစ်ခု ဖြစ်သည်ကို အသိအမှတ်ပြုလျှက် အောက်ခြေမှ အထက်သို့သွားပြီး ရေရှည်တည်တံ့သည့် နည်းလမ်းတစ်ခုဖြစ်သော CLCP ကို ဆောင်ရွက်ရာတွင် မိတ်ဖက်အဖွဲ့များအား ဦးတည်၍ ကူညီပေးနေပါသည်။

CLCP နည်းလမ်းသည် ရပ်ရွာပြည်သူများအတွင်း **ယုံကြည်မှုတည်ဆောက်ရန်** အချိန်ပို၍ ယူရသော်လည်း၊ ရလဒ်များမှာ ပို၍ **ရေရှည်တည်တံ့**နိုင်ဖွယ်ရှိပါသည်။ ဤနည်းလမ်းအရ ရပ်ရွာပြည်သူများသည် ကလေးသူငယ်များကို တာဝန်ယူရသောကြောင့် **တာဝန်မျှဝေယူသည့်**နည်းလမ်းဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။ CP AoR က CLCP ဆောင်ရွက်သည့်နည်းလမ်းတွင် အေဂျင်စီများသည် ရပ်ရွာပြည်သူများကို ကူညီပေးနိုင်သည်သာမက ပိုမိုရေရှည်တည်တံ့သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရလဒ်များကို ရရှိနိုင်ကြောင်းအသိအမှတ်ပြုထားပြီး၊ ရပ်ရွာပြည်သူများသည် အေဂျင်စီများထံမှ အကူအညီလုပ်ငန်းများကို မရရှိနိုင်တော့သည့်နောက်ပိုင်းတွင် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိပါမည်။ ပိုမို၍ ရေရှည်တည်တံ့သော ကလေးသူငယ်စောင့်ရှောက်ရေးရလဒ်များကို ရရှိစေရန်အတွက်၊ မိသားစုများအပါအဝင် ရပ်ရွာပြည်သူများအနေဖြင့် အေဂျင်စီများထံမှ အကူအညီ မရရှိနိုင်တော့သည့်အချိန်တွင် ကာကွယ်စောင့်ရှောက်ရေးတာဝန်များသည် ၎င်းတို့အပေါ်တွင်သာ ကျရောက်မည်ဖြစ်ကြောင်းကို နားလည်သဘောပေါက်ပြီး၊ လိုက်လျောညီထွေပြောင်းလဲဆောင်ရွက်ရန် လိုအပ်ပါလိမ့်မည်။

## ဆယ်ကျော်သက်အရွယ်များအတွက် စီမံကိန်းရေးဆွဲခြင်း

ဆယ်ကျော်သက်အရွယ်များတွင် တစ်မူထူးသော လိုအပ်ချက်များရှိကြပြီး၊ မြန်မာနိုင်ငံတွင် တစ်မူထူးသော စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရသည်။ ဤထိခိုက်လွယ်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သော်လည်း၊ ဆယ်ကျော်သက်ရွယ်များက ၎င်းတို့၏ ရှင်သန်မှုဘဝများအပေါ် သက်ရောက်နေသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်နှင့် ဖြေရှင်းနည်းများကို ဖော်ထုတ်ရာတွင် ပူးပေါင်းပါဝင်နိုင်သည့် စွမ်းဆောင်ရည်နှင့် ပူးပေါင်းပါဝင်မှု၏ အရေးကြီးမှုကိုလည်း အသိအမှတ်ပြုရန် အရေးကြီးပါသည်။ ဆယ်ကျော်သက်ရွယ်များသည် မဟာဗျူဟာနည်းလမ်းအားလုံးအောက်တွင်ဆောင်ရွက်သည့် လုပ်ငန်းများကို လက်ခံရရှိနိုင်သော်လည်း၊ **ဆယ်ကျော်သက်ရွယ်များကို သီးသန့်ဦးတည်ပြီး ၎င်းတို့၏ ထိခိုက်လွယ်မှုများကို ဖြေရှင်းရန်နှင့် ၎င်းတို့၏ အားသာချက်များကို မြှင့်တင်ပေးရန်အတွက် ဆောင်ရွက်မည့် ထူးခြားသော စီမံကိန်းများတွင် အသေးစိတ်ကြိုတင်ပြင်ဆင်ထားသော နည်းလမ်းများကို ထပ်တိုးဆောင်ရွက်ရန် လိုအပ်သည်။** CP AoR အနေဖြင့် ဆယ်ကျော်သက်အရွယ်မိန်းကလေးများသည် ၎င်းတို့၏ အသက်အရွယ်နှင့် ကျားမအခြေခံတို့ကြောင့် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းနှင့် GBV စိုးရိမ်မှုကဲ့သို့သော ထူးခြားသည့် အန္တရာယ်ဖြစ်နိုင်ခြေများ မြင့်မားကြောင်းကို အသိအမှတ်ပြုထားပြီး၊ ဤအချက်များကို ၂၀၂၅ ခုနှစ်တွင် ထည့်သွင်းဖြေရှင်းပါမည်။ မြန်မာနိုင်ငံတွင် ဆယ်ကျော်သက်ရွယ်များအတွက် စီမံကိန်းရေးဆွဲရာ၌ အောက်ပါတို့အပါအဝင် နည်းလမ်းအမျိုးမျိုးကို အသုံးပြုနိုင်သည် -

- လုပ်ပိုင်ခွင့်ပေးရန်နှင့် ရွယ်တူချင်းကူညီပေးရန်အတွက် "ဆယ်ကျော်သက်ရွယ်အဖွဲ့များ" ကို ကူညီပေးခြင်း။
- ဆယ်ကျော်သက်ရွယ်မိန်းကလေးများနှင့် ယောကျ်ားလေးများအတွက် ဘဝတစ်သက်တာ ကျွမ်းကျင်မှုအစီအစဉ်များ ထောက်ပံ့ပေးခြင်း။

- ပိုမိုငယ်ရွယ်သော ကလေးသူငယ်များနှင့်မတူညီဘဲ၊ ဆယ်ကျော်သက်ရွယ်များအတွက် MHPSS လုပ်ငန်းများကို ထောက်ပံ့ပေးခြင်းနှင့် တချိန်တည်းတွင် လုပ်ငန်းများ၌ ဆယ်ကျော်သက်ရွယ်များက အဓိပ္ပါယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်စေခြင်း။

## အသိပညာမြှင့်တင်ခြင်း

အသိပညာမြှင့်တင်ခြင်းလုပ်ငန်းသည် CP AoR မိတ်ဖက်အဖွဲ့များ၏ မြေပြင်လုပ်ငန်းများအတွက် အရေးကြီးသော အသက်ကယ်ဆယ်ရေးလုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရပ်ရွာပြည်သူများ၊ ပြုစုစောင့်ရှောက်သူများနှင့် ကလေးသူငယ်များအား အရေးကြီးပြဿနာရပ်များနှင့်စပ်လျဉ်းသည့် အဓိကသတင်းအချက်အလက်များကို ထောက်ပံ့ပေးခြင်းဖြင့် မိသားစုနှင့် ကွဲကွာရခြင်းအပါအဝင် ကလေးသူငယ်များ၏ ထိခိုက်နစ်နာမှုများကို ကြိုတင်ကာကွယ်ပေးနိုင်ပြီး၊ ပြည်သူများအား ကြိုတင်အသိပေးထားသော ရွေးချယ်မှုများ၊ အစီအစဉ်များကို ပြုလုပ်နိုင်ရန် ကူညီပေးသည်။ CP AoR သည် ယနေ့အထိ **ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်း၊ တိုက်ပွဲ** စသည့်ခေါင်းစဉ်များဖြင့် မိတ်ဖက်အဖွဲ့များအတွက် အဓိကသတင်းစကားများကို ရေးသား ပြုစုထားပြီး ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဘေးမကင်းသော ရွှေ့ပြောင်းသွားလာနေထိုင်မှုများ မြင့်တက်လာနေခြင်းကြောင့် ၂၀၂၄ ခုနှစ်အတွင်းတွင် ဘေးကင်းစွာရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ အဓိကသတင်းစကားများကို အပြီးသတ်ရေးသားဖြန့်ဝေပါမည်။

CP AoR သည် ၂၀၂၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအတွက် ပြဿနာခေါင်းစဉ်အမျိုးမျိုးအလိုက် စံနှုန်းကိုက်ရေးသားပြုစုထားသည့် အဓိကသတင်းစကားများကို ရေးသားပြုစု၍ မိတ်ဖက်အဖွဲ့များသို့ ဆက်လက်ကူညီပေးသွားပါမည်။ ထို့အပြင် အသေးစိတ်ပြင်ဆင်ထားသည့် သတင်းစကားများကို မျှဝေပေးနိုင်ရေးအတွက် မိုင်းရှင်းလင်းရေးဆိုင်ရာတာဝန်ခံလုပ်ငန်းနယ်ပယ် ( Mine Action AoR)၊ ကျားမရေးရာတာဝန်ခံလုပ်ငန်းနယ်ပယ် (GBV AoR) တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေပါသည်။

## အခြားကဏ္ဍများနှင့် လက်တွဲဆောင်ရွက်ခြင်း

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို တစ်ဦးတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ ကလေးလုပ်သား၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု၊ စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ ဖိစီးမှုစသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များနှင့် စိုးရိမ်မှုများသည် ရှုထောင့်စည်းမျဉ်းအမျိုးမျိုးရှိနေသောကြောင့် အန္တရာယ်များကို သတ်မှတ်ဖော်ထုတ်၍ အကဲဖြတ်ဆန်းစစ်ခြင်း၊ ကာကွယ်စောင့်ရှောက်ရေးအချက်များကို ခိုင်မာအားကောင်းစေခြင်း၊ ထိခိုက်နစ်နာမှုများ မဖြစ်စေရန် တားဆီးကာကွယ်ခြင်း၊ ထိခိုက်မှုဖြစ်လာပါက တုံ့ပြန်ကူညီရန်အတွက်

ပေါင်းစပ်စုစည်းထားသော နည်းလမ်းဖြင့် အခြေခံအကြောင်းရင်းများကို ဖော်ထုတ်ဖြေရှင်းခြင်းစသည်တို့အတွက် ကဏ္ဍများစွာပါဝင်ပြီး စုစည်းဆောင်ရွက်သော နည်းလမ်းများကို လိုအပ်ပါသည်။ ကလေးသူငယ်များ၏ မတူကွဲပြားသော ကာကွယ်စောင့်ရှောက်ရေးအန္တရာယ်များကို ဖော်ထုတ်ဖြေရှင်းရန်အတွက် အခြားကဏ္ဍများနှင့် လက်တွဲဆောင်ရွက်ခြင်းသည် ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရလဒ်များကို ပို၍ ခိုင်မာအားကောင်းစေသည်သာမက၊ ကလေးသူငယ်များ၏ မိဘများနှင့် ရပ်ရွာပြည်သူများအတွက် ကဏ္ဍတိုင်းက ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ ခြုံငုံရလဒ်များကိုလည်း ခိုင်မာအားကောင်းအောင် ကူညီပေးနိုင်သည်။

CP AoR သည် လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူအားလုံးတို့က ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးကို မိမိတို့၏ **လုပ်ငန်းတိုင်းတွင်** အဓိပ္ပါယ်ပြည့်ဝစွာဖြင့် **ထည့်သွင်းဆောင်ရွက်နိုင်ရေး**အတွက် ဆက်လက်၍ လက်တွဲဆောင်ရွက်သွားပါမည်။ မိတ်ဖက်အဖွဲ့များက မိမိတို့၏ ကဏ္ဍအလိုက် သီးသန့်လုပ်ငန်းများတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို ထည့်သွင်းနိုင်မည့် စွမ်းဆောင်ရည် လုံလောက်စွာ ရှိစေရေးအတွက် အစုအဖွဲ့/ကဏ္ဍအမျိုးမျိုးအတွက် အသေးစိတ်ပြင်ဆင်ထားသည့် သင်တန်းများ၊ လမ်းညွှန်မှတ်စုများနှင့် အထူးအချက်အလက်သတင်းလွှာများကို ထောက်ပံ့ပေးပါမည်။ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအများစုကို ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ CP AoR သည် ၂၀၂၄ ခုနှစ် တစ်နှစ်တည်းတွင်ပင် လူဦးရေ (၄၀၀) ကျော်သို့ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းများပို့ချပေးနိုင်ခဲ့ပြီး၊ ၂၀၂၅ ခုနှစ်တွင်လည်း CP ကို လုပ်ငန်းတိုင်း၌ ထည့်သွင်းခြင်းနှင့် ပေါင်းစည်းဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းများကို ဆက်လက်ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

ထို့အပြင် ကွင်းဆင်းဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ အကြံပေးပုဂ္ဂိုလ်များအပါအဝင် မိတ်ဖက်အဖွဲ့များ၏ ဝန်ထမ်းများအား ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမှုဖြစ်ရပ်များအား အသိအမှတ်ပြု နားလည်ပြီး ဘေးကင်းလုံခြုံ၍ သင့်တော်စွာ လွှဲပြောင်းပေးနိုင်ရေးအတွက် လေ့ကျင့်သင်တန်းပေးရန် ဆောင်ရွက်နေဆဲဖြစ်သည်။ CP AoR သည် ဤလုပ်ငန်းကို HCT ၏ ၂၀၂၅ ခုနှစ် ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာနှင့်အညီ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းတွင် ထည့်သွင်း ဆောင်ရွက်ရန်လည်း လုပ်ဆောင်နေပြီဖြစ်သည်။ ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီစီမံကိန်းများကို အကောင်အထည် ဖော်နေသည့် အခြားသော အစုအဖွဲ့များနှင့် လည်းကောင်း၊ CP AoR ၏ မိတ်ဖက်အဖွဲ့များနှင့်လည်းကောင်း ပိုမိုပူးပေါင်းဆောင်ရွက်သွားပါမည်။

ထို့အပြင် CP AoR သည် အခြားကဏ္ဍများမှ မိတ်ဖက်အဖွဲ့များနှင့်အတူ **စုစည်းပေါင်းစပ်ထားသည့်** စီမံကိန်းများကို မြှင့်တင်၍ တိုးချဲ့ဆောင်ရွက်ရန် ကြိုးစားပါသည်။ စုစည်းပေါင်းစပ်ထားသော စီမံကိန်းရေးဆွဲရာတွင် ကဏ္ဍများစွာပါဝင်သည့် စီမံကိန်းများအတွက်

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထူးရည်ရွယ်ချက်များ၊ အကျိုးရလဒ်များနှင့် ညွှန်းကိန်းများကို ဖော်ထုတ်ရန် လိုအပ်သည်။ ပညာရေးအစုအဖွဲ့၊ မိုင်းရှင်းလင်းရေးတာဝန်ခံလုပ်ငန်းနယ်ပယ်[36]၊ စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့၊ WASH အစုအဖွဲ့၊ ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ကျန်းမာရေးအစုအဖွဲ့စသည့် အစုအဖွဲ့/AoRs များသည် ကလေးသူငယ်များအား ပိုမိုကောင်းမွန်၍ ကျယ်ပြန့်စွာ ကာကွယ်ပေးရေးအတွက် ရည်မှန်းထားသည့် အကျိုးရလဒ်များကို လွယ်ကူစွာဖြင့် အပြန်အလှန်အားဖြည့်ပေးနိုင်ပါသည်။

အခြားကဏ္ဍများနှင့် လက်တွဲဆောင်ရွက်ခြင်းသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စီမံကိန်းများ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအတွက် ပေးအပ်သော ဝန်ဆောင်မှုများကို ပို၍ တိုးတက်စေနိုင်သည်။ CP AoR သည် ၂၀၂၅ ခုနှစ်တွင် အခြားကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ဆက်လက်တည်ထောင်သွားမည်ဖြစ်သည်။

**တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် အရင်းအမြစ်များ စုဆောင်းခြင်း**

CP AoR သည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအခြေအနေကို ကမ္ဘာ့အဆင့်တွင် အသိပညာမြင့်တင်စေရေး အတွက်လည်းကောင်း၊ ကလေးသူငယ်များနှင့်ပြုစုစောင့်ရှောက်သူများအတွက် အသက်ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် CP AoR နှင့် မိတ်ဖက်အဖွဲ့များအား ရန်ပုံငွေခွဲဝေချထားမှုကို ကူညီပေးရန်အတွက်လည်းကောင်း တိုက်တွန်းလှုံ့ဆော်မှုများကို ပြုလုပ်ပါမည်။ အခြေအနေများ ပြောင်းလဲလာသည်နှင့်အမျှ CP AoR သည် မဟာဗျူဟာအကြံပေးအဖွဲ့ (SAG) ၏ အကူအညီဖြင့် မိတ်ဖက်အဖွဲ့များက အသုံးပြုနိုင်မည့် အဓိကတိုက်တွန်းဆွေးနွေးရန်အချက်များကို ရေးသားပြီး ဖြန့်ဝေပေးပါမည်။

၂၀၂၅ ခုနှစ်တွင် အလှူရှင်များ၊ ကမ္ဘာလုံးဆိုင်ရာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းနယ်ပယ်၊ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၊ အခြားသော ပြင်ပမှ ပါဝင်ဆောင်ရွက်သူများနှင့် မြန်မာနိုင်ငံ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၊ GBV ၊ မိုင်းရှင်းလင်းရေးတာဝန်ခံလုပ်ငန်းနယ်ပယ်တို့အကြားတွင် တက်ကြွသော ဆွေးနွေးမှုများကို တစ်ဖွဲ့ချင်းသော် လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ဦးစားပေးဆောင်ရွက်ပါမည်။ မြန်မာနိုင်ငံတွင် ရရှိနိုင်သော အချက်အလက်များ ရှားပါးနေသည့်ကြားမှပင်၊ CP AoR SAG သည် မြန်မာနိုင်ငံတွင်းရှိ အခြေအနေနှင့် လိုအပ်ချက်များကို ပုံဖော်တင်ပြနိုင်ရေးအတွက် **MSNA ၊ CPIMS+ သရုပ်ခွဲဆန်းစစ်မှု၊ MRM လေ့လာမှုမှ အများပြည်သူသို့ ထုတ်ပြန်သည့် အချက်အလက်များ၊ PIMS** တို့မှလည်းကောင်း၊ မိတ်ဖက်အဖွဲ့များမှထံမှ

[36] ကလေးသူငယ်များကျောင်းထွက်မှုများပြားလာခြင်းနှင့် မိုင်းနှင့်ပတ်သက်သည့် ဖြစ်ရပ်များ မြင့်မားလာခြင်းတို့ကြောင့် CP AoR သည် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် ပညာရေးအစုအဖွဲ့နှင့် မိုင်းရှင်းလင်းရေး တာဝန်ခံလုပ်ငန်းနယ်ပယ်တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာဖြင့် ဦးစားပေးဆောင်ရွက်နေပါသည်။

ရရှိသည့် လုပ်ငန်း/ဇာတ်လမ်းများကိုလည်းကောင်း တိုက်ဆိုင်ဆန်းစစ်ခြင်းအားဖြင့် အကျဉ်းချုပ်တင်ပြချက်များကို ရေးသားပြုစုသွားပါမည်။

CP AoR သည် ၂၀၂၅ ခုနှစ်တွင် အများပြည်သူသို့ တိုက်တွန်းလှုံ့ဆော်ရေးရည်ရွယ်ချက်များအတွက် ရရှိနိုင်သော သတင်းအချက်အလက်ဇာစ်မြစ်များကို အခြေခံ၍ သုံးလတစ်ကြိမ်အကျဉ်းချုပ်တင်ပြချက်များကိုလည်း ရေးသားပြုစုပါမည်။ ထို့အပြင်၊ ယခင်ဆောင်ရွက်ခဲ့သည့် လူသားချင်းစာနာမှုလုပ်ငန်းများ၏ ထိရောက်မှုကို သရုပ်ဖော်ပြနိုင်ရန်အတွက် **အောင်မြင်မှုဇာတ်လမ်းများ၊ ဖြစ်ရပ်လေ့လာမှုများ၊ အချက်အလက်များဖြင့် ဖော်ပြသည့် သက်ရောက်မှုပြအစီရင်ခံစာများ**ကိုလည်း အသုံးပြုပါမည်။ ဤနည်းအားဖြင့် အလားအလာရှိသော အလှူရှင်များနှင့် စိတ်ချရမှုနှင့် ယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်သည်။

ဤလုပ်ငန်းကို ဆောင်ရွက်ရာတွင် မိတ်ဖက်အဖွဲ့များက စုပေါင်းရန်ပုံငွေရင်းမြစ်များနှင့် တစ်ဦးချင်းရန်ပုံငွေ ရင်းမြစ်များကို လက်လှမ်းမီစေရေးအတွက် ကူညီပေးရန် ရည်ရွယ်ပါသည်။ CP AoR သည် အရင်းအမြစ်စုရုံးရှာဖွေခြင်းအတွက် တိုက်တွန်းလှုံ့ဆော်သည့်လုပ်ငန်းများကို ကူညီပေးနိုင်ရန် **ရန်ပုံငွေရရှိမှုကို စုစည်းတင်ပြသည့်စနစ်** (FTS) တွင် ဖော်ပြထားသည့် ရလဒ်များကို စောင့်ကြည့်လေ့လာပါမည်။

နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံရှိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များ၊ တုံ့ပြန်ရေးလုပ်ငန်းများနှင့် ကွာဟချက်များအပေါ် အာရုံစိုက်လာစေရေးအတွက် CP AoR ညှိနှိုင်းရေးမှူးများသည် မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေတင်ပြချက်များ (MHU) အတွက် အချက်အလက်များကို သုံးလတစ်ကြိမ်ထောက်ပံ့ပေးပါမည်။

## ပေါင်းစပ်ညှိနှိုင်းရေးအတွက် ဖွဲ့စည်းပုံ

ပေါင်းစပ်ညှိနှိုင်းရေးသည် လူသားချင်းစာနာမှုဆိုင်ရာ အဓိကစံချိန်စံညွှန်းများအနက် ကတိကဝတ်အမှတ် (၆) ဖြစ်သည်။ [37] **CP AoR ၏ တာဝန်နှင့်ဝတ္တရားများ** (ToR) တွင် CP AoR ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အခန်းကဏ္ဍများနှင့် တာဝန်များကို ဖော်ပြထားသည်။

**နိုင်ငံအဆင့်** - နိုင်ငံအဆင့် CP AoR ပေါင်းစပ်ညှိနှိုင်းရေးတွင် သီးသန့်ခန့်အပ်ထားသော CP AoR ညှိနှိုင်းရေးမှူးတစ်ဦး၊ NGO အဖွဲ့မှ အချိန်ပိုင်းညှိနှိုင်းရေးမှူးတစ်ဦးနှင့် သီးသန့်ခန့်အပ်ထားသော သတင်းအချက်အလက်စီမံခန့်ခွဲရေးအရာရှိ တစ်ဦးတို့ ပါဝင်သည်။ နိုင်ငံအဆင့် CP AoR သည် နည်းလမ်းများ၊ အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးအခွင့်အလမ်းများကို ဖော်ထုတ်ပေးခြင်းဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ညှိနှိုင်းရေးမှူးများကို ကူညီပေးသည်။

[37] CPMS 2019

နိုင်ငံအဆင့် CP AoR သည် လစဉ်စည်းဝေးပြီး၊ လိုအပ်ပါက အထူးအစည်းအဝေးများကို ပြုလုပ်သည်။ နိုင်ငံအဆင့် CP AoR သည် ဆောင်ရွက်သည့် လုပ်ငန်းများ၏ အရည်အသွေးမြင့်မားစေရေး၊ ပြဿနာရပ်များကို တုံ့ပြန်သည့်လုပ်ငန်းများအား အချိန်နှင့်တပြေးညီဖြစ်စေရေးနှင့် သင့်လျော်မှုရှိစေရေး၊ CP လုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းထားနိုင်ရေးတို့အတွက် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ CP AoR ၏ မိတ်ဖက်အဖွဲ့များကို ကူညီပေးသည်။ ထို့အပြင် သတင်းအချက်အလက်မျှဝေခြင်းနှင့် တိုက်တွန်းလှုံ့ဆော်ရေး လုပ်ငန်းများတွင်လည်း ပါဝင်ကူညီသည်။

**ပြည်နယ်/တိုင်းဒေသကြီးအဆင့်** - ပြည်နယ်/တိုင်းဒေသကြီးအဆင့် AoR ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံ လုပ်ငန်းနယ်ပယ်အတွက် မရှိမဖြစ်လိုအပ်သည်။ ဤလုပ်ငန်းစဉ်များသည် မြေပြင်တွင် တည်ရှိပြီး၊ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့များ၊ ဒေသအလိုက် ICCG ၊ အခြားသော အစုအဖွဲ့/AoR များနှင့် အနီးကပ်လက်တွဲဆောင်ရွက်ခြင်းအားဖြင့် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးနှင့် လူသားချင်းစာနာမှုနယ်ပယ်တွင် ကောင်းစွာပေါင်းစပ်ညှိနှိုင်းထားသော၊ သင့်တော်သော၊ အခြေအနေအလိုက်သီးသန့်ဆောင်ရွက်သော၊ ထိရောက်အကျိုးရှိသော တုံ့ပြန်ရေးလုပ်ငန်းကို ဖြစ်စေသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့် ညှိနှိုင်းရေးမှူးများကို နိုင်ငံအဆင့် CP AoR ညှိနှိုင်းရေးမှူးများက နည်းလမ်းများ၊ အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးအခွင့်အလမ်းများကို ဖော်ထုတ်ပေးခြင်းဖြင့် ကူညီပေးသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ညှိနှိုင်းရေးမှူးများသည် လက်ရှိတွင် ရန်ပုံငွေအခက်အခဲများကြောင့် လုပ်ငန်းတာဝန်နှစ်ခုကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေရသည်ကို အသိအမှတ်ပြုထားသောကြောင့် ဤသို့ကူညီပေးခြင်းကို ၂၀၂၅ ခုနှစ်တွင် အရှိန်မြှင့်တင်ဆောင်ရွက်ပါမည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်မှ မဟုတ်သည့် ဝန်ထမ်းများက ကလေးသူငယ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သံသယဖြစ်ဖွယ်စိုးရိမ်မှုများရှိနေသည့် အမှုများကို စုံစမ်းစစ်ဆေးခြင်းမှ ရှောင်ရှားရန်အတွက်လည်းကောင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းအချို့က အမည်မဖော်ဘဲ ဆောင်ရွက်နေမှုကို ထိန်းသိမ်းထားရန်အတွက်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ညှိနှိုင်းရေးမှူးများသည် **အမှုလွှဲပြောင်းပေးမှုများ**ကို တာဝန်ယူ၍ ဆောင်ရွက်ရပါသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် CP AoR သည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးပုံစံနှင့်အညီ အောက်ပါအတိုင်း ဇုန် (၄) ခုတွင် ပေါင်းစပ်ညှိနှိုင်းပေးသည် -

- ➢ အရှေ့တောင်ပိုင်း - အချိန်ပိုင်း ညှိနှိုင်းရေးမှူး (၂) ဦးနှင့် NGO အဖွဲ့မှ ပူးတွဲညှိနှိုင်းရေးမှူးတစ်ဦး။
- ➢ အနောက်မြောက်ပိုင်း - အချိန်ပိုင်း ညှိနှိုင်းရေးမှူး (၁) ဦး။
- ➢ အရှေ့မြောက်ပိုင်း - အချိန်ပိုင်း ညှိနှိုင်းရေးမှူး (၂) ဦး။

➢ ရခိုင် - သီးသန့်ခန့်အပ်ထားသည့် ညှိနှိုင်းရေးမှူး (၁) ဦး။

**CP AoR ၏ မဟာဗျူဟာအကြံပေးအဖွဲ့**

**CP AoR ၏ မဟာဗျူဟာအကြံပေးအဖွဲ့ (SAG)** ကို ရွေးချယ်ထားသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အဓိက မိတ်ဖက်အဖွဲ့များဖြင့် ဖွဲ့စည်းထားသည်။ SAG သည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး AoR အတွက် မဟာဗျူဟာလမ်းညွှန်ချက်များ ချမှတ်ပေးရန် အချိန်မှန်တွေ့ဆုံဆွေးနွေးသည်။ SAG ၏ ရည်ရွယ်ချက်မှာ CP AoR တွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို CP AoR အဖွဲ့ဝင်များကသာ ပြုလုပ်ရမည်ကို အသိအမှတ်ပြုလျှက် CP AoR သို့ မဟာဗျူဟာအကြံပြုချက်များ ထောက်ပံ့ပေးရန်ဖြစ်သည်။


**CP AoR ၏ လုပ်ငန်းအဖွဲ့များနှင့် လမ်းညွှန်ကော်မတီများ**

CP AoR ၏ ထီးရိပ်အောက်တွင် အဓိကနယ်ပယ်ခေါင်းစဉ်များအလိုက်တိုးတက်မှုရှိစေရန် ရည်ရွယ်လျှက်၊ လုပ်ငန်းအဖွဲ့များနှင့် လမ်းညွှန်ကော်မတီများစွာတို့ကို ဖွဲ့စည်းထားရှိသည်။ ဤအဖွဲ့/ကော်မတီများတွင် AoR ကို ပိုမိုကျယ်ပြန့်စွာ အထောက်အကူပြုရန် ရည်မှန်းထားသည့် CP AoR အဖွဲ့ဝင်များက မိမိတို့ ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်သည်။ အဖွဲ့/ကော်မတီတိုင်းကို ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာနှင့် ပြည်တွင်း/ဒေသခံ NGOs သို့မဟုတ် CSOs အဖွဲ့များဖြင့် ပါဝင်ဖွဲ့စည်းထားသည့်အတွက် ပိုမိုကျယ်ပြန့်သော ရှုထောင့်အမြင်များကို ထောက်ပံ့ပေးနိုင်သည်။

- ➢ GBV-CP လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံရှိ GBV AoR နှင့် CP AoR တို့၏ အောက်တွင် ရှိပြီး၊ AoR နှစ်ခုလုံး၏ မိတ်ဖက်အဖွဲ့များကို GBV နှင့် CP ဆိုင်ရာ ဘုံလမ်းညွှန်ချက်များ၊ ဘုံနည်းလမ်းများဖြင့် ထောက်ပံ့ပေးရန် ရည်ရွယ်သည်။ ဤလုပ်ငန်းအဖွဲ့ကို NGO အဖွဲ့မှ ညှိနှိုင်းရေးမှူးတစ်ဦးက ပေါင်းစပ်ညှိနှိုင်းပေးပြီး၊ လစဉ်အစည်းအဝေးပြုလုပ်သည်။
- ➢ CLCP လုပ်ငန်းအဖွဲ့သည် CP AoR ၏ အောက်တွင် ရှိပြီး၊ မြန်မာနိုင်ငံတွင် ရပ်ရွာအဆင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CLCP) လုပ်ငန်းများ ခိုင်မာအားကောင်းစေရေး အတွက် CP AoR အား ကူညီပေးရန် ရည်ရွယ်သည်။ CLCP လုပ်ငန်းအဖွဲ့ကို NGO အဖွဲ့မှ ညှိနှိုင်းရေးမှူးတစ်ဦးက ပေါင်းစပ်ညှိနှိုင်းပေးပြီး၊ လစဉ်အစည်းအဝေးပြုလုပ်သည်။
- ➢ မသန်စွမ်းမှုဆိုင်ရာ လမ်းညွှန်ကော်မတီသည် CP AoR ၏ အောက်တွင် ရှိပြီး၊ CP လုပ်ငန်းများအားလုံးတွင် မသန်စွမ်းသူအားလုံးပါဝင်စေရေးအတွက် CP AoR ပါဝင်ဆောင်ရွက်သူများအားလုံးကို နည်းလမ်းများ၊

အရင်းအမြစ်များ၊ စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းများဖြင့် ကူညီပေးရန် ရည်ရွယ်သည်။ ဤလမ်းညွှန်ကော်မတီသည် လစဉ်အစည်းအဝေးပြုလုပ်သည်။

- ➢ ကျားမရေးရာ လမ်းညွှန်ကော်မတီသည် CP AoR ၏ အောက်တွင် ရှိပြီး၊ ဤလမ်းညွှန်ကော်မတီကို CP AoR ၏ မိတ်ဖက်အဖွဲ့များနှင့် UN Women အဖွဲ့တို့က အထောက်အကူပြုပေးသည်။ ကျားမရေးရာ လမ်းညွှန်ကော်မတီ (GSC) သည် CP စီမံကိန်းများ၏ အဆင့်အားလုံးတွင် ကျားမတန်းတူညီမျှမှုကို ထည့်သွင်းစဉ်းစားကြောင်းသေချာစေရန် ရည်ရွယ်သည်။ GSC သည် သုံးလတစ်ကြိမ် အစည်းအဝေးပြုလုပ်သည်။
- ➢ အမှုစီမံခန့်ခွဲရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ကို Save the Children နှင့် UNICEF အဖွဲ့တို့က ပူးတွဲ၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး၊ CP AoR မိတ်ဖက်အဖွဲ့များကို အမှုစီမံခန့်ခွဲရေးအတွက် အကျိုးရှိသော နည်းလမ်းများနှင့် အရင်းအမြစ်များဖြင့် ထောက်ပံ့ပေးသည်။ ဤအဖွဲ့သည် မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏ အမှုဖြစ်ရပ်စီမံခန့်ခွဲရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့များကို ကူညီပေးရန် ဒီဇိုင်းရေးဆွဲထားသည့် အဖွဲ့အစည်းများစွာပါဝင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။
- ➢ ဒေသအလိုက်ပိုင်းခြားဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့သည် CP AoR ၏ အောက်တွင် ရှိပြီး၊ ဒေသအလိုက်ပိုင်းခြားဆောင်ရွက်ရေးအစီအစဉ် တိုးတက်စေရေးအတွက် CP AoR ကို ကူညီပေးသည်။ ဤလုပ်ငန်းအဖွဲ့သည် လစဉ်အစည်းအဝေးပြုလုပ်သည်။




**ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့ ကျားမအခြေပြုအကြမ်းဖက်မှုဆိုင်ရာ တာဝန်ခံလုပ်ငန်းနယ်ပယ်နှင့် မိုင်းရှင်းလင်းရေး တာဝန်ခံလုပ်ငန်းနယ်ပယ်**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းနယ်ပယ် (CP AoR) သည် ကျားမအခြေပြု အကြမ်းဖက်မှုဆိုင်ရာ တာဝန်ခံလုပ်ငန်းနယ်ပယ် (GBV AoR)၊ မိုင်းရှင်းလင်းရေးတာဝန်ခံလုပ်ငန်းနယ်ပယ် (

Mine Action AoR) တို့နှင့်အတူတွဲ၍ လုပ်ကိုင်နေပြီး၊ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဤအဖွဲ့များအကြားတွင် စီမံကိန်းရေးဆွဲခြင်း၊ ဦးစားပေးလုပ်ငန်း သတ်မှတ်ခြင်း၊ စုစည်းထားသော အစုအဖွဲ့မဟာဗျူဟာများ ရေးဆွဲခြင်း၊ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း၊ သင်တန်းနှင့်စွမ်းဆောင်ရည် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများအား အစီရင်ခံခြင်းတို့ကို ပူးတွဲဆောင်ရွက်ခြင်းနှင့် တိုက်တွန်းလှုံ့ဆော်ရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်းအားဖြင့် ခိုင်မာအားကောင်းသော ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းထားသည်။ မဟာဗျူဟာအဆင့်တွင် ဤသို့ အနီးကပ် မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်ခြင်းသည် နိုင်ငံအဆင့်လူသားချင်းစာနာမှုအဖွဲ့အစည်း (HCT) ၏ ကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာကို ပုံဖော်ရာတွင်နှင့် တိုးတက်အောင်လုပ်ဆောင်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဤလုပ်ငန်းတွင် အလားအလာလမ်းကြောင်းများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာစိုးရိမ်မှုများကို အစီရင်ခံခြင်းစသည်တို့အပြင် ရန်ပုံငွေတောင်းခံလွှာများ၊ မူဝါဒဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများပါဝင်စေရန် တိုက်တွန်းလှုံ့ဆော်ပေးခြင်းလည်း ပါဝင်သည်။

ခြုံငုံ၍ ကြည့်ပါက အစုအဖွဲ့နှင့် သက်ဆိုင်ရာ AoRs များအကြားတွင် အနီးကပ်တိုင်ပင်ဆွေးနွေးခြင်းမှတဆင့် အစုအဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် တာဝန်မျှဝေယူသည့်ခံစားချက်နှင့် ကာကွယ်စောင့်ရှောက်ရေးပန်းတိုင်များသို့ ရောက်ရှိရမည့် ကတိကဝတ်ကို မွေးမြူပေးပါသည်။ ဤပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းသည် မြန်မာနိုင်ငံ၌ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အပြုသဘော ရလဒ်များကို ရရှိစေရာတွင် အလွန်အရေးကြီးပါသည်။

**<u>အစုအဖွဲ့များအကြားပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG)</u>**

မြန်မာနိုင်ငံတွင် ခြုံငုံကြီးကြပ်၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အပြန်အလှန်အားဖြည့်ပေးနေသော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းဖြစ်စေရေးအတွက် CP AoR သည် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် နှစ်မျိုးလုံးတွင် အစုအဖွဲ့များအကြားပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG) တွင် တက်ကြွစွာဖြင့် ပူးပေါင်းပါဝင်နေသည်။ ICCG တွင် အစုအဖွဲ့များ၊ AoR နှင့် လုပ်ငန်းအဖွဲ့များမှ ညှိနှိုင်းရေးမှူးများ၊ OCHA အဖွဲ့၊ အစုအဖွဲ့၏ ဦးဆောင်အေဂျင်စီဖြစ်သည့် UNICEF အဖွဲ့မှ ကိုယ်စားပြုသူများ၊ လူသားချင်းစာနာမှု ပေါင်းစပ်ညှိနှိုင်းရေးစနစ်အတွက် မရှိမဖြစ်သော အခြားပါဝင်ဆောင်ရွက်သူများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ICCG သည် လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက် (HNRP)၏ မဟာဗျူဟာရည်ရွယ်ချက်များအား အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံးနည်းလမ်းဖြင့် ပေးအပ်နိုင်ရေးအတွက် အစုအဖွဲ့များက လက်တွဲလုပ်ဆောင်ကြရန် ကူညီပေးသည်။ အစုအဖွဲ့များအကြားရှိ ဤပေါင်းစပ်ညှိနှိုင်းရေးပုံစံသည် တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်ရာမှ ထွက်ပေါ်လာသော တိုက်တွန်းလှုံ့ဆော်ပေးရမည့် အဓိကစိုးရိမ်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့်

အကူအညီပေးအပ်မှုအပေါ်သက်ရောက်နေသည့် အရင်းအမြစ်ကွာဟချက်များကို သတ်မှတ်ဖော်ထုတ်ခြင်းတို့တွင်လည်း ကူညီပေးနိုင်ပါသည်။ ICCG သည် နှစ်ပတ်လျှင်တစ်ကြိမ် အစည်းအဝေးပြုလုပ်သည်။

**ရေရှည်တည်တံ့စေရေးနှင့် အသွင်ကူးပြောင်းရေးမဟာဗျူဟာ**

၂၀၂၁ ခုနှစ်ကတည်းကပင် စတင်ခဲ့သည့် မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုအကျပ်အတည်းသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ထပ်မံအရှိန်မြင့်တက်လာခဲ့သည်။ "စနစ်များခိုင်မာအားကောင်းစေရေး"ကို ရှေးရှုသည့် CP AoR ၏ လုပ်ငန်းများသည် အဓိကအားဖြင့် ရပ်ရွာပြည်သူများနှင့် ဆက်စပ်ဆောင်ရွက်ပြီး၊ ရပ်ရွာပြည်သူများကို မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် နိုင်ငံအဆင့်ရှိ ပိုမိုကျယ်ပြန့်သော ဝန်ဆောင်မှုစနစ်များနှင့် ချိတ်ဆက်ပေးသည်။ ရပ်ရွာအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (အထက်တွင်ကြည့်ပါ)ကို ပိုမိုအာရုံစိုက်ခြင်းအားဖြင့် CP AoR သည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံဝန်ဆောင်မှုများနှင့် အထောက်အပံ့ များအတွက် အကူအညီပေါ်တွင် မှီခိုနေရမှုအား လျှော့ချထားသည့် ပိုမိုရေရှည်တည်တံ့သော နည်းလမ်းတစ်ခုကို မြှင့်တင်ပေးပါသည်။ CP AoR သည် ရပ်ရွာပြည်သူများ၊ ပိုမိုကျယ်ပြန့်သော ဝန်ဆောင်မှုပေးသူများနှင့် လက်တွဲဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းမှတဆင့် မြန်မာနိုင်ငံအတွင်းတွင် ရေရှည်အတွက် စနစ်များကို တည်ဆောက်နိုင်ရန် ဦးတည်ထားသည်။ ဤအဆင့်တွင် လူသားချင်းစာနာမှုဆိုင်ရာ အစုအဖွဲ့စနစ်များကို အပြည့်အဝသက်ဝင်ဖွဲ့စည်းထားပြီးဖြစ်သည်။ ဤမဟာဗျူဟာအကောင်အထည်ဖော်သည့် ကာလအတွက် ထွက်ခွာရေးမဟာဗျူဟာကို အဆောတလျင်ရေးဆွဲရန် စီစဉ်ထားခြင်းမရှိပါ။

သို့ရာတွင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုလုပ်ငန်းများသည် အသွင်ကူးပြောင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင် (TCF) နှင့် ချိတ်ဆက်မှုများရှိနေပြီး၊ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှုဆီသို့ အခြေခံတည်ဆောက်နေပါသည်။ ဤဆက်စပ်ဆောင်ရွက်မှုသည် ရေရှည်တည်တံ့မှုကိုဖြစ်စေပြီး၊ နောင်လာမည့်နှစ်များတွင် ထွက်ခွာရေးမဟာဗျူဟာအတွက် လမ်းပြမြေပုံတစ်ခုကို ရေးဆွဲပေးပါလိမ့်မည်။

ထို့အပြင်၊ ဒေသအလိုက်ပိုင်းခြားဆောင်ရွက်ခြင်း လုပ်ငန်းအကျဉ်းချုပ်တင်ပြချက် (Localization Dashboard) ပါ တွေ့ရှိချက်များနှင့်အညီ ဒေသအလိုက်ပိုင်းခြားဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေပြီး၊ ဒေသခံပါဝင်ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေခြင်းအားဖြင့် လူသားချင်းစာနာမှု တုံ့ပြန်ရေးလုပ်ငန်း၏ ရေရှည်တည်တံ့မှုကို ထပ်မံအားကောင်းစေမည်ဖြစ်ပြီး၊ အခြေအနေများ ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးသို့ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးကို ပံ့ပိုးကူညီပေးပါလိမ့်မည်။

**စောင့်ကြည့်စစ်ဆေးခြင်း**

အထက်တွင် ဖော်ပြခဲ့သည့် လုပ်ငန်းအုပ်စုများ/နည်းလမ်းများအား ဆောင်ရွက်ရာတွင် လုပ်ငန်းတိုးတက်မှုကို **CP AoR ၏ HNRP စောင့်ကြည့်တင်ပြချက်စနစ်** (monitoring dashboard) ဖြင့် စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်သည်။ သုံးလတစ်ကြိမ်စုဆောင်းကောက်ယူသည့် 5Ws အစီရင်ခံစာများမှ ရလဒ်များကို အသုံးပြု၍ ဤတင်ပြချက်ကို ပြုစုပါမည်။ မိတ်ဖက်အဖွဲ့များသို့ ညွှန်းကိန်းတစ်ခုချင်းအလိုက် မည်သည့်လုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးရမည်ကို မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့် အသေးစိတ်လမ်းညွှန်ချက်များ ထောက်ပံ့ပေးပြီးနောက် 5Ws အစီရင်ခံစာများကို စုဆောင်းကောက်ယူပါသည်။ [38] ဤမဟာဗျူဟာပါ ရည်ရွယ်ချက်များနှင့် ၂၀၂၅ ခုနှစ် HNRP ၏ ရည်ရွယ်ချက်များသို့ ရောက်ရှိစေရေးအတွက် ဆောင်ရွက်နေသည့် CP AoR ၏ လုပ်ငန်းတိုးတက်မှုများကို ပြည့်စုံစွာ ဖော်ပြနိုင်ရန်အတွက် 5Ws အစီရင်ခံစာများမှ ရလဒ်များကို မြေပြင်မှ ဇာတ်လမ်းများဖြင့်လည်းကောင်း၊ CP AoR မိတ်ဖက်အဖွဲ့များထံမှ အစီရင်ခံစာများဖြင့်လည်းကောင်း အပြန်အလှန်အားဖြည့်ပေးပါမည်။

ကမ္ဘာလုံးဆိုင်ရာ CP AoR က နှစ်စဉ်ဆောင်ရွက်ပြီး၊ CP AoR မိတ်ဖက်အဖွဲ့များထံမှ တုံ့ပြန်ဖြေကြားချက်များကို အခြေခံ၍ စုစည်းထားသည့် အစုအဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်စောင့်ကြည့်စစ်ဆေးခြင်း (CCPM) လုပ်ငန်းမှတဆင့်လည်း CP AoR ၏ လုပ်ငန်းတိုးတက်မှုများကို ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အနေဖြင့် စောင့်ကြည့်စစ်ဆေးပါမည်။ CCPM ၏ ရလဒ်များသည် အစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ၌ ပုံမှန်အခြေအနေအတိုင်း ရှိနေစေရန်နှင့် တိုးတက်အောင် ပြုပြင်ရမည့် နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်ရန်အတွက် CP AoR ၏ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်ကို ကူညီပေးပါလိမ့်မည်။

**အခက်အခဲများ**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၊ ပြုစုစောင့်ရှောက်သူများနှင့် ရပ်ရွာပြည်သူများသို့ အသက်ကယ်ဆယ်ရေးအကူအညီများ ပေးအပ်ရာတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပြီး၊ အထူးသဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ အရှိန်မြင့်တက်လာသည့် တိုက်ပွဲများကြောင့် ပိုဆိုးလာခဲ့သည်။

**ဝင်ရောက်ကူညီသွားလာရေး** - ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများကို အလွန်အမင်း လိုအပ်နေသည့် လူဦးရေအုပ်စုများထံသို့ ဝင်ရောက်ကူညီသွားလာရေးသည် မြန်မာတစ်နိုင်ငံလုံးတွင်

[38] ၂၀၂၄ ခုနှစ်အတွက် ညွှန်ကိန်းအလိုက် လမ်းညွှန်ချက်များကို တောင်းခံလာပါက အသင့်ရရှိနိုင်ပြီး၊ ၂၀၂၅ ခုနှစ်အတွက်လည်း ရရှိနိုင်အောင် ပြင်ဆင်ထားပါမည်။

အဓိကအခက်အခဲတစ်ခုဖြစ်နေသည်။ ခရီးသွားခွင့်ပြုမိန့်လုပ်ငန်းစဉ်များကို ကန့်သတ်ထားခြင်း၊ သဘောတူညီချက်များအား သက်တမ်းတိုးရာတွင် နှောင့်နှေးနေခြင်း၊ လူသားချင်းစာနာမှုလုပ်သားများအား စစ်ဆေးမှုများ ပိုမိုပြုလုပ်လာခြင်းစသည့် အချက်အားလုံးတို့သည် တသမတ်တည်းမဖြစ်သော၊ အားထားရခြင်းမရှိသော ဝင်ရောက်ကူညီသွားလာရေးအခြေအနေကို ဖြစ်ပေါ်စေသည်။

သို့ရာတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် "မြေပြင်တွင်ရှိနေပြီး အကူအညီပေးအပ်ရန်" ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ကာ၊ အကူအညီအလိုအပ်ဆုံးသူများ ထံသို့ ရောက်ရှိနိုင်ရန် ကြိမ်ဖန်များစွာ ကြိုးစားနေကြသည်။ ထို့အပြင် အဝေးမှ ဝန်ဆောင်မှုပေးခြင်းကိုလည်း အရှိန်မြှင့်တင်နေပြီး၊ မရှိမဖြစ်သော ဝန်ဆောင်မှုများကို ထောက်ပံ့ပေးရန်အတွက် စေတနာ့ဝန်ထမ်းများပေါ် ပို၍ အားထားဆောင်ရွက်နေသည်။ နောက်ဆုံးအနေဖြင့် CP AoR သည် ဝင်ရောက်ကူညီသွားလာရေးလုပ်ငန်းအဖွဲ့နှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဝင်ရောက်ကူညီသွားလာနိုင်မှု ပို၍ခက်ခဲသည့် ဒေသများတွင် HNRP လျာထားချက်များနှင့်အညီ ထိခိုက်လွယ်ပြည်သူများကို လက်လှမ်းမီကူညီနိုင်ရန် ကနဦးရည်ရွယ်လျှက် တိုက်တွန်းလှုံ့ဆော်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရာ၌ ကူညီပေးသွားပါမည်။

**ဘေးကင်းလုံခြုံရေး** - ဘေးကင်းလုံခြုံရေးသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့များအတွက် ကြီးမားသော အခက်အခဲတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒေသများစွာတွင် ရှိနေသည့် မိတ်ဖက်အဖွဲ့များသည် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များကြောင့် အခက်အခဲဖြစ်နေကြရပြီး၊ အဖွဲ့အစည်းများသည် အသက်ကယ်ဆယ်ရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်အတွက် ဝန်ထမ်းများ၏ လုံခြုံရေးနှင့် အန္တရာယ်ဖြစ်နိုင်ခြေတို့ကို ချိန်ညှိဆုံးဖြတ်ရန် လိုအပ်နေသည်။ CP AoR ၏ မဟာဗျူဟာကို အကောင်အထည်ဖော်နေစဉ်အတွင်းတွင် မိတ်ဖက်အဖွဲ့များနှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှု ထောက်ပံ့ပေးနေသူများ၏ ဘေးကင်းလုံခြုံရေးအန္တရာယ်များကို ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဖြေရှင်းပေးခြင်းကို ထည့်သွင်းစဉ်းစားသွားပါမည်။

**ရန်ပုံငွေရရှိမှု** - မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းသည် ရန်ပုံငွေရရှိမှု အလွန်အမင်း နည်းပါးနေသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လအခြေအနေအရ၊ CP AoR သည် HNRP လျာထားချက်နှင့်နှိုင်းယှဉ်ပါက ရန်ပုံငွေ၏ ၂၆.၂% ကိုသာ ရရှိထားသည်။ မြန်မာနိုင်ငံသည် ရန်ပုံငွေရရှိမှုနည်းပါးသော အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်နေသောကြောင့် HNRP သည် ရန်ပုံငွေတောင်းခံရာတွင် လိုက်လျောညီထွေပြောင်းလဲမှုများကို ပြုလုပ်ထားပြီးဖြစ်သည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် ကလေးသူငယ်များသို့ မရှိမဖြစ်သော ဝန်ဆောင်မှုများကို လက်လှမ်းမီပေးအပ်နိုင်ရန် ဆက်လက် ကြိုးစားနေပါသည်။ စောင့်ကြည့်စစ်ဆေးရေးရလဒ်များအရ မိတ်ဖက်အဖွဲ့များသည် ကလေးသူငယ်များထံသို့ လက်လှမ်းမီရောက်ရှိနိုင်သော်လည်း၊ အမှုစီမံခန့်ခွဲရေးကဲ့သို့သော အရင်းအမြစ်ပိုအသုံးပြုရသည့် ဝန်ဆောင်မှုများအစား ကုန်ကျစရိတ်ပိုမိုနည်းပါးသော ဝန်ဆောင်မှုများကိုသာ ထောက်ပံ့နေရကြောင်း ဖော်ပြနေပါသည်။ ထို့အတူပင် CP AoR ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အနေဖြင့်လည်း ရန်ပုံငွေအခက်အခဲများကြောင့်

တုံ့ပြန်ရေးလုပ်ငန်း၏ အရည်အသွေးကို တိုးတက်စေမည့် စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများအား ထောက်ပံ့ပေးနိုင်စွမ်းကို အကန့်အသတ်ဖြစ်စေပြီး၊ ဒေသတစ်ခုချင်းစီတွင် ရှိထားရမည့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ညှိနှိုင်းရေးမှူးများအား သီးသန့်ခန့်အပ်နိုင်စွမ်း မရှိတော့ပါ။

| **အစုအဖွဲ့အလိုက် အဓိကအောင်မြင်မှုများ** | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **အစုအဖွဲ့ အမည်** | **အကူအညီ လိုအပ်နေသည့် လူဦးရေ** | **ကူညီရန် လျာထားသည့် လူဦးရေ** | **လက်လှမ်းမီ ကူညီခဲ့သည့် လူဦးရေ** | | **အမျိုးသမီး** | **ကလေးသူငယ်/ အရွယ်ရောက်သူ/ သက်ကြီးရွယ်အို** | | |
| | | | | | | ၁၈ နှစ်အောက် | ၁၈ - ၅၉ | ၆၀ နှစ်အထက် |
| ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး | ၈ သန်း | ၂ သန်း | ၁၃% | ၂၆၃၀၀၀ | ၅၂% | ၃၂% | ၅၇% | ၁၁% |

**သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ကွာဟချက်များ**သည်လည်း စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေတွင် အခြေအနေကိုစောင့်ကြည့်လေ့လာခြင်းကဲ့သို့သော သတင်းအချက်အလက်များ၊ လေ့လာဆန်းစစ်မှုများနှင့် ကိန်းဂဏန်းအချက်အလက်များကို ရရှိရန် အလွန်ခက်ခဲနေဆဲဖြစ်သည်။ CP AoR သည် မိတ်ဖက်အဖွဲ့များထံမှအစီရင်ခံစာများကို အလွန်အမင်းအားထားမှီခိုနေရသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဒေသအများအပြားတွင် ဆက်သွယ်ရေးပြတ်တောက်မှုများကြောင့် မိတ်ဖက်အဖွဲ့များအနေဖြင့် ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများသို့ မတက်ရောက်နိုင်ခြင်း၊ မိမိတို့၏ လုပ်ငန်းများအတွက် အကူအညီ မရရှိနိုင်ခြင်းတို့ ဖြစ်ပေါ်နေသည်။

## နိဂုံး

လက်ရှိ မဟာဗျူဟာသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အရည်အသွေးရှိပြီး စုစည်းဆောင်ရွက်သော တုံ့ပြန်ရေးလုပ်ငန်းများကို ပေးအပ်နိုင်ရန်အတွက် CP AoR အဖွဲ့ဝင်များသို့ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

ဤမဟာဗျူဟာကို CP AoR အဖွဲ့ဝင်များ၊ မဟာဗျူဟာအကြံပေးအဖွဲ့ (SAG)၊ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၊ အစုအဖွဲ့၏ ဦးဆောင်အေဂျင်စီဖြစ်သည့် UNICEF အဖွဲ့နှင့် ကမ္ဘာလုံးဆိုင်ရာ CP AoR တို့နှင့် တိုင်ပင်ဆွေးနွေး၍ ရေးဆွဲဖော်ထုတ်ထားခြင်းဖြစ်သည်။

အခြေအနေများ သို့မဟုတ် ဦးစားပေးအချက်များ ရုတ်တရက်ပြောင်းလဲသွားပါက ဤမဟာဗျူဟာကို နောက်ဆုံးရအချက်များဖြင့် မွမ်းမံပြီး ပြင်ဆင်ပါမည်။ နောက်နည်းလမ်းတစ်ခုအနေဖြင့် ဤမဟာဗျူဟာကို ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် လိုက်လျောညီထွေပြောင်းလဲပြီး နောက်ဆုံးရအချက်များဖြင့်မွမ်းမံပါမည်။

မြန်မာနိုင်ငံ၏ CP AoR နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဤမဟာဗျူဟာနှင့်စပ်လျဉ်း၍ဖြစ်စေ အသေးစိတ်အချက်များကို ထပ်မံသိရှိလိုပါက **[မြန်မာနိုင်ငံရှိ နိုင်ငံအဆင့် CP AoR ညှိနှိုင်းရေးမှူးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။]**

## ဝေါဟာရဖွင့်ဆိုချက်များ

| | |
|---|---|
| AoR | တာဝန်ခံလုပ်ငန်းနယ်ပယ် (Area of Responsibility ) |
| CAAFAG | တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်နေသည့် ကလေးသူငယ်များ (Children Associated with Armed Forces or Armed Groups) |
| CCPM | အစုအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစွမ်းဆောင်ရည်ကို စောင့်ကြည့်စစ်ဆေးခြင်း (Cluster Coordination Performance Monitoring) |
| CTMFR | ရာဇဝတ်မှုကျူးလွန်မှုများအား စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ နိုင်ငံအဆင့်အထူးလုပ်ငန်းအဖွဲ့ (Country Taskforce on Monitoring and Reporting on Grave Violations) |
| CP AoR | ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းနယ်ပယ် (Child protection Area of Responsibility) |
| CPIMS+ | ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ် (Child Protection information Management System) |
| CPMS | ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများ (Child Protection Minimum Standards) |
| ERW | စစ်ကျန်ပေါက်ကွဲပစ္စည်းများ (Explosive Remnants of War) |
| GBV | ကျားမအခြေပြုအကြမ်းဖက်မှု (Gender Based Violence) |
| HCT | လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံအဆင့် အဖွဲ့အစည်း (Humanitarian Country Team) |
| HNRP | လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက် (Humanitarian Needs and Response Plan) |
| ICCG | အစုအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Inter Cluster Coordination Group) |
| IDP | နိုင်ငံတွင်း နေရပ်စွန့်ခွာရသူ (Internally Displaced Person) |
| MA | မိုင်းရှင်းလင်းရေးလုပ်ဆောင်ချက် (Mine Action) |
| MRM | စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းလုပ်ငန်းစဉ် (Monitoring and Reporting Mechanism) |
| MSNA | ကဏ္ဍများစွာပါဝင်သော လိုအပ်ချက်ဆန်းစစ်မှု (Multi Sectoral Needs Assessment) |
| PIMS | ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဖြစ်ရပ်များအား စောင့်ကြည့်ရေးစနစ် (Protectin incident monitoring system) |

| | |
|---|---|
| PiN | အကူအညီလိုအပ်နေသူများ (People In Need) |
| PSS | စိတ္တလူမှုဆိုင်ရာ အကူအညီ (Psychosocial Support) |
| SAG | (CP AoR ၏) မဟာဗျူဟာအကြံပေးအဖွဲ့ (Strategic Advisory Group (CP AoR)) |
| TCF | အသွင်ကူးပြောင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင် (Transitional Cooperation Framework) |

## ရည်ညွှန်းကိုးကားစာအုပ်စာတမ်းများ


Case Management CPIMS+ Trends Analysis

လူသားချင်းစာနာမှုလုပ်ငန်းတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများ (၂၀၁၉ ခုနှစ်) https://childrenandarmedconflict.un.org/six-grave-violations/

CP AoR Myanmar ဝဘ်ဆိုဒ် https://www.myanmarchildprotection.com/

CP AoR မိတ်ဖက်အဖွဲ့များထံမှ အစီရင်ခံစာများ

စားနပ်ရိက္ခာဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကျဉ်းချုပ်တင်ပြချက် (၂၀၂၄ ခုနှစ်)

မြန်မာနိုင်ငံအတွက် ကဏ္ဍများစွာပါဝင်သည့် လိုအပ်ချက်ဆန်းစစ်မှု (၂၀၂၃ ခုနှစ်)

မြန်မာနိုင်ငံ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့၏ မဟာဗျူဟာ (၂၀၂၄-၂၀၂၅ ခုနှစ်)

ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဖြစ်ရပ်များကို စောင့်ကြည့်လေ့လာခြင်း - ဒုတိယသုံးလပတ်အတွက် အလားအလာကို သရုပ်ခွဲဆန်းစစ်ခြင်း

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM) က လူ့အခွင့်အရေးကောင်စီ၏ (၅၇) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြသည့် အစီရင်ခံစာ (၂၀၂၄ ခုနှစ် ဇူလိုင်လ ) Report of the Independent Investigative Mechanism for Myanmar.pdf

လက်နက်ကိုင်တိုက်ပွဲများအတွင်းရှိ ကလေးသူငယ်များ၏ အခြေအနေဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာ (၂၀၂၄ ခုနှစ်၊ ဇွန်လ) A_78_84 2-S_2024 – 03 June 2024: https://documents.un.org/doc/undoc/gen/n24/095/07/pdf/n2409507.pdf

၂၀၂၃ ခုနှစ် ဩဂုတ်လ (၁၅) ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ (၃၁) ရက်အတွင်း မြန်မာနိုင်ငံတွင် ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေအပေါ် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ။

UNHCR ၏ နေရပ်စွန့်ခွာရမှုဆိုင်ရာ ကိန်းဂဏန်းများ (၂၀၂၄ ခုနှစ် ဇူလိုင်လ)

ကမ္ဘာ့ဘဏ်အစီရင်ခံစာ "Populations in Peril: Decoding Patterns of Forced Displacement in Myanmar, May 2024"